# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၃၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၄–၉–၂၀၁၆ ] ( ဗုဒ္ဓဟူးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **ပြင်ဦးလွင်မြို့ပေါ်ရပ်ကွက်ရှိ သားသတ်ရုံကို ပြောင်းရွှေ့ရန် မည်သည့်အတွက် ကြန့်ကြာနေသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **နိုင်ငံတော်နှင့် အကျိုးတူ ဖက်စပ်လုပ်ကိုင်ခဲ့ကြသော သစ်ကုမ္ပဏီများအနေနှင့် သစ်ထုတ်ယူသော သစ်ကွက်အတွင်း၌ သစ်တောစိုက်ခင်းများကို ကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် ပြန်လည်စိုက်ပျိုးပေးပြီး၊ မပြီး၊ သစ်တောဦးစီးဌာနက လိုအပ်သည်ဟု သတ်မှတ်သော သစ်တောနယ်မြေအတွင်း သဘာဝသစ်တော ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီး၊ မပြီးနှင့် သစ်တောထွက်ပစ္စည်း ထုတ်ယူခြင်းကြောင့် သဘာဝ**

**ပတ်ဝန်းကျင် ပျက်စီးမှုများအတွက် သစ်တောဦးစီးဌာနသို့ လျော်ကြေး ပေးပြီး၊ မပြီး သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **ပုဂ္ဂလိက ကုမ္ပဏီများကို သစ်ခုတ်ခွင့်၊ သစ်ထုတ်လုပ်ခွင့် ရပ်ဆိုင်းရန်နှင့် တရားမဝင် သစ်ခိုး ထုတ်နေခြင်းကို ထိရောက်စွာ အရေးယူရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ပေါက်အင်းတောင်ကြိုးဝိုင်းနှင့် ကြိုးပြင်တောများရှိ မူလရောက်ရှိလုပ်ကိုင်နေထိုင်ကြသော တောင်သူ များ၏ မြေယာများ ဌာနေဆိုင်ရာ ကုမ္ပဏီများမှ သိမ်းယူ၍ ကြက်ဆူ စိုက်ပျိုးပြီး နှစ် (၃၀)ဂရန် လျှောက်ထား ရရှိမှုမှာ နည်းလမ်းကျ မကျ၊ ဂရန်ပါ စည်းကမ်းများအား လိုက်နာမှု ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်၊ သချီကိုင်းကျေးရွာအုပ်စု၊ နေပူတောင်ဒေသ၊ ကွင်းအမှတ် ၅၂၊ ကြေးတိုင်ပြင်ကွင်း တောရိုင်းမြေ (၅၈၅.၇၂)ဧကရှိ မြေနေရာကို မာဘယ်(လ်) အလှဆင်ကျောက် (အကြီးစား) တူးဖော်ထုတ်လုပ်ခြင်း စီမံကိန်းအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံ Simco Song Da Joint- Stoke Co.Ltd တို့ စာချုပ် ချုပ်ဆိုခဲ့ကြသော စာချုပ်ပါ သဘောတူညီချက်များအား ပြည်သူများ သိရှိစေရန် ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၏ **မြောက်ဦးမြို့တွင် ကွန်ကရစ် လမ်းများ ခင်းခွင့်ရှိ၊ မရှိ ရှေးဟောင်းသုတေသနဆိုင်ရာ မူဝါဒများကို ပြည်သူများ သိခွင့်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စု၊ ဘုရားကုန်းတောင်တွင် ဒီပါအေး ဆုတောင်းပြည့်**

**စေတီတော်၊ ဗောဓိတစ်ထောင်နှင့် သာသနိက အဆောက်အဦများရှိရာ မြေနေရာများအား သာသနာ့မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ် အတွင်းရှိ ရှေးဟောင်းသာသနာ့ အဆောက်အအုံများနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ရှေးဟောင်းဘုရားများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံစောင့်ရှောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်း မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများ အားလုံးသည် E-Government Website များနှင့် Mobile Application များမှ တစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးနိုင်ထူးအောင်၊ နွားထိုးကြီး မဲဆန္ဒနယ်၊

(ခ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၊

(ဂ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၊

(ဃ) ဦးအောင်သိန်း၊ ဇန်းမော် မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၊

(စ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဇ) ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်၊ အမရပူရ မဲဆန္ဒနယ်၊

(ဈ) ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော်၊ မိုးကုတ် မဲဆန္ဒနယ်၊

(ည) ဒေါက်တာဦးဝေဖြိုးအောင်၊ သာကေတ မဲဆန္ဒနယ်၊

(ဋ) ဦးနေစိုးအောင်၊ ဝန်းသို မဲဆန္ဒနယ်၊

(ဌ) ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်၊

(ဍ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၊

(ဎ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(ဏ) ဦးယန်ကျင်းကန်၊ ကွမ်းလုံ မဲဆန္ဒနယ်၊

(တ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၊

(ထ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ဒ) ဦးသန်းစိုးအောင်၊ ပျဉ်းမနား မဲဆန္ဒနယ်၊

(ဓ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(န) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၊

(ပ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ဖ) ဦးစစ်နိုင်၊ မင်းပြား မဲဆန္ဒနယ်၊

(ဗ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ဘ) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်၊

(မ) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၊ **(ခွင့်)**

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
## (၃၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မှုကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုင်းစန်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးစိုင်းစန်သိန်း၊ မိုးနဲမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၁ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊

(၂) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း ခွင့် ၄ ရက်၊

(၃) လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ခွင့် ၃ ရက်၊

(၄) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၄ ရက်၊

(၅) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊

(၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၂ ရက်၊

(၇) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၈) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမင်းသန်း ခွင့် ၁ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းသန်းအုန်း ခွင့် ၃ ရက်၊

(၁၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၁၂) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၁၃) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၄) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၂ ရက်၊

(၁၅) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၁ ရက်၊

(၁၆) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၁ ရက်၊

(၁၇) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၁၈) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊

(၁၉) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊

(၂၀) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဦးတင်ဌေးအောင် ခွင့် ၁ ရက်၊

(၂၁) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၂၂) ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း ခွင့် ၁ ရက်၊

(၂၃) မလှိုင်မဲဆန္ဒနယ်မှ ဦးလှထွန်းအောင် ခွင့် ၁ ရက်၊

(၂၄) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ခွင့် ၁ ရက်၊

(၂၅) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၂၆) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊

(၂၇) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊

(၂၈) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၂၉) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၀) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်နှင့်

(၃၁) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်တို့ပဲဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၈ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၁ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြင်ဦးလွင်မြို့ပေါ်ရပ်ကွက်ရှိ သားသတ်ရုံကို ပြောင်းရွှေ့ရန် မည်သည့်အတွက် ကြန့်ကြာနေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ ကျန်းမာ၊ ချမ်းသာကြပါစေ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပြင်ဦးလွင်မြို့ပေါ်ရပ်ကွက်မှာ သားသတ်ရုံရှိနေခြင်းကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေး၊ လူမှုရေးဒုက္ခများ ခံစားနေရသည့်အတွက် မြို့ပြင် ဖုန်းဆိုးတောပျက်နေရာသို့ ပြောင်းရွှေ့ရန် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှစ၍ စီစဉ်ဆောင်ရွက်နေသော်လည်း ယနေ့တိုင် ၎င်းမြေနေရာကို သစ်တောမြေပယ်ဖျက်ခြင်းမရှိသေး၍ ယင်းသားသတ်ရုံကို ပြောင်းရွှေ့မရသေးကြောင်း မည်သည့်အတွက် ကြန့်ကြာနေတာကို ကျွန်တော် သိရှိလိုတဲ့အတွက် မေးမြန်းခြင်းဖြစ်ပါတယ်။ ပြင်ဦးလွင်မြို့က ယခင်တုန်းကတော့ ရပ်ကွက်ကြီး ၁၀ ခုရှိပါတယ်။ ရပ်ကွက်ကြီး ၁၀ ခုမှာ ပဒေသာမြို့သစ်ဆိုပြီးတော့ ပေါ်လာပါတယ်။ ပဒေသာမြို့သစ်ရဲ့ အစွန်ဆုံးလမ်းမှာ သားသတ်ရုံအဖြစ်ထားခဲ့ပါတယ်။ အဲဒါ ရပ်ကွက်ကြီး(၈)၊ ရပ်ကွက်ကြီး(၁၀) ဖြစ်ပါတယ်။ ယခုအခါမှာ လူနေထူထပ်လာတဲ့အတွက် ပြင်ဦးလွင်မြို့ပေါ်ရပ်ကွက် ရပ်ကွက်ကြီး ၂၀ ရပ်ကွက်ဖြစ်သွားပါတယ်။ ဖြစ်သွားတဲ့အခါကျတော့ ယခင် ပဒေသာကွက်သစ်ခေါ်တဲ့ ရပ်ကွက်ကြီး(၈)ဟာ တော်တော်များများ ရပ်ကွက်ကြီး(၁၁)၊ ရပ်ကွက်ကြီး(၁၂) စတဲ့ရပ်ကွက်တွေ အများကြီးတိုးချဲ့လာပြီးတော့ ယင်းမြို့သစ်နေရာမှာလည်း မြေကွက်ချပေးထားတဲ့လူတွေက တော်တော်များများနေထိုင်ကြပြီးဖြစ်ပါတယ်။ အဲဒီနားက ရပ်ကွက်က လူတွေက ကျန်းမာရေး၊ လူမှုရေးဒုက္ခခံနေရပါတယ်။ အဲဒီတော့ စည်ပင်သာယာက ပြောင်းရွှေ့ဖို့ လုပ်ပါတယ်။ အဲဒီတော့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလကတည်းကလုပ်တယ်။ သို့သော်လည်းမရခဲ့ဘူး။ မြို့နယ်သစ်တောဦးစီးဌာနက ၈-၁၂-၂၀၁၅ ရက်နေ့မှာလည်း မြေနေရာရေးဆွဲထားပြီးတော့ မြို့နဲ့လေးမိုင်လောက်ဝေးတဲ့ ဖုန်းဆိုးတောပျက်နေရာကို ပြောင်းရွှေ့ဖို့ သူက အဆိုပြုပါတယ်။ အဲဒီကနေပြီးတော့မှ ကျွန်တော်တို့က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးကိုရောက်ပြီးတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးကလည်း တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံကို သစ်တောမြေမှ ပယ်ဖျက်ခွင့်ပြုပါရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် ၁၉-၁-၂၀၁၆ ရက်နေ့ အကြောင်းကြားစာအရ တွေ့ရပါတယ်။ သို့သော်လည်း မြို့ပေါ်ရှိ သားသတ်ရုံမှာ ယခုအခါမှာ

လူနေထူထပ်တဲ့ကြားထဲမှာရောက်နေပြီးတော့ အနံ့အသက်ကမကောင်းဘူး။ သားသတ်ရုံနဲ့ ရပ်ကွက်နဲ့ ပြဿနာဖြစ်လို့ ကျွန်တော်တို့ သွားကြည့်တဲ့အခါမှာလည်း တော်တော်လေးကို အနံ့အသက်လည်း မကောင်းဘူး။ အဲဒီမှာရှိတဲ့အရိုးတွေကို ခွေးတွေကဆွဲပြီးတော့ ထွက်လာပြီးတော့ ညကျတော့လည်း သူတို့ပြောတာကတော့ ရပ်ကွက်ကလူတွေက ဘုရားကန်တော့ပြီလား၊ အိပ်ပြီလားဆိုလို့ရှိရင် ဘာဖြစ်လာလဲဆိုတော့ ဝက်သတ်သံတွေက တော်တော်လေးကို ဆူညံနေပြီးတော့ ရပ်ကွက်ကလူတွေက အိပ်လို့မရဘူးဖြစ်နေပါတယ်။ အရင်တုန်းက ကျွန်တော်တို့က ဝက်သတ်တယ်ဆို ခဏလေးလို့ပဲ ထင်တာ။ တစ်ညလုံးပါ။ ဘာဖြစ်လို့လဲဆိုတော့ သူက ဝက်ကို မသတ်ခင်မှာ လေးဘက်ကားပြီးတော့ ရေတွေထည့်။ ပြီးတော့မှ အသားတိုးအောင်ဆိုပြီးလုပ်တော့ အကြာကြီးလုပ်ကြတယ် ပြောပါတယ်။ အဲဒီအချိန်မှာ ရပ်ကွက်ကလူတွေကလည်း ညကြီးသန်းခေါင်သန်းလွဲဆိုတော့ သွားမပြောရဲပါဘူး။ ထိုနည်းတူစွာပဲ နွားသတ်သံတွေကလည်း ဒီအတိုင်းပဲဖြစ်နေပါတယ်။ အဲဒီတော့ နွား၊ ဝက်အော်သံတွေက စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်နေတဲ့အတွက် ကျွန်တော်တို့ ပြည်သူပြည်သားတွေအတွက် အနှောင့်အယှက်ဖြစ်နေပါတယ်။ သားသတ်ရုံအတွက် လျှောက်ထားတဲ့ ဖုန်းဆိုးတောပျက်နေရာကို သစ်တောမြေမှပယ်ဖျက်ပေးရန် အခက်အခဲရှိနေခြင်းကို သိရှိလိုကြောင်း၊ ပြောင်းရွှေ့ချိန် မည်မျှကြာမည်ကို ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်ရဲ့ ပြင်ဦးလွင်မြို့ပေါ်ရပ်ကွက်မှာ သားသတ်ရုံရှိနေခြင်းကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေး၊ လူမှုရေးဒုက္ခများ ခံစားရတဲ့အတွက် မြို့ပြင် ဖုန်းဆိုးတောပျက်နေရာကို ရွှေ့ပြောင်းပေးရန် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှစ၍ စီစဉ်နေသော်လည်း ယနေ့တိုင်

ၵင်းနေရာကို သစ်တောမြေပယ်ဖျက်ခြင်းမရှိသေး၍ ယင်းသားသတ်ရုံကို ပြောင်းရွှေ့မရသေးကြောင်း ကို မည်သည့်အတွက်ကြောင့် ကြန့်ကြာနေခြင်းကို သိရှိလိုခြင်းနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကျွန်တော် ဖြေကြားသွားပါ့မယ်။ မန္တလေး တိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံကို ရပ်ကွက်ကြီး(၈) ပဒေသာမြို့သစ်မှာ ဆောင်ရွက်လျက်ရှိတဲ့အခါမှာ လူဦးရေထူထပ်များပြားလာပြီး တော့ ပတ်ဝန်းကျင်မှာ အနံ့ဆိုးများနှင့် ကျန်းမာရေးထိခိုက်လာနိုင်တဲ့အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမယ့်ဒေသ၊ မြို့လူထုရဲ့ ရေရှည်အကျိုး နဲ့ နောင်လာနောက်သားများအတွက် သင့်လျော်မယ့်မြေနေရာကို ရှာဖွေခဲ့ပြီး သတ်မှတ်ခဲ့ပါကြောင်းနှင့် လျာထားသတ်မှတ်ခဲ့တဲ့မြေနေရာဟာ သစ်တောမြေဖြစ်တဲ့အတွက်ကြောင့်မို့လို့ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အမှုတွဲဖွင့်လှစ်ဆောင်ရွက်လျက်ရှိ ကြောင်း သိရှိရပါတယ်။

ကျွန်တော် ဒီမှာ Power Point လေး တင်ပြခွင့်ပြုပါခင်ဗျား။ ပြင်ဦးလွင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ သားသတ်ရုံမြေနေရာအတွက် အဆိုပြုထားတဲ့မြေနေရာနဲ့ပတ်သက်ပြီး လက်ရှိ မြေပြင်အသုံးချမှုမြေရာဇဝင်ကို စိစစ်တင်ပြပေးပါရန် အုပ်ချုပ်ရေးမှူးရုံး၊ ခရိုင်အထွေထွေအုပ်ချုပ် ရေးမှူးဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ရဲ့ ၇-၁၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၃/၂၁-၀၁/ဦး ၁ (အထသ)(၀၈၁၁)နဲ့ အကြောင်းကြားချက်အရ ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနမှ ကွင်းဆင်း စစ်ဆေးခဲ့ပြီး အဆိုပါ အဆိုပြုသားသတ်ရုံမြေနေရာဟာ ပြင်ဦးလွင်မြို့နယ်၊ မေမြို့ထင်းကြိုးဝိုင်း၊ အကွက်အမှတ်(၂၃)၊ စိုက်ခင်းအမှတ်(၁/၁၉၈၅)၊ စီးပွားရေးစိုက်ခင်း၊ ထင်းရှူးစိုက်ခင်း ၅၀၀ ဧက အတွင်းကျရောက်နေပါကြောင်း၊ မြေဧရိယာ လေးဧကရှိပြီးတော့ ပြင်ဦးလွင်မြို့ရှောင်လမ်းဘေးမှ တစ်ဖာလုံခန့်အကွာမှာ တည်ရှိကြောင်းနှင့် စိုက်ခင်းအပင်များမှာ ပျမ်းမျှအမြင့် ၅၀ ပေ၊ လုံးပတ် ၄ ပေခန့်ရှိတဲ့ ထင်းရှူးပင် ၃၈ ပင်ခန့်ရှိကြောင်းကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြင်ဦးလွင် မြို့နယ် သစ်တောဦးစီးဌာနကနေပြီးတော့ ၂၁-၁၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၂၇၁၇-၁၉/စ-၅ နဲ့ စိစစ် တင်ပြခဲ့ပါတယ်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီးတော့ ပြင်ဦးလွင်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီး တော့ ၂၂-၁၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၃/၄၃-၀၁ ဦး ၁ (၁၆၅၆)ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ကို တင်ပြခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ ၁၉-၁-၂၀၁၆ ရက်စွဲပါ

**မူကြမ်း**

စာအမှတ်၊ ၂/၃-၆-၂၂ ဦး -၆ (၁၄၃)နဲ့ သစ်တောမြေအဖြစ်မှပယ်ဖျက်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်သွားရန် မန္တလေးတိုင်းသစ်တောဦးစီးဌာနကို ညွှန်ကြားလာချက်အရ ဖော်ပြပါ မြေဧရိယာ လေးဧကကို လုပ်ထုံးလုပ်နည်းနှင့်အညီ သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်နိုင်ရေး အတွက် မန္တလေးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာန ကို တင်ပြရန်ဖြစ်ပါကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှ ၁-၂-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ စီမံကိန်း/၀၁၇(၁၀၈၁၃-၁၄/၂၀၁၆)နဲ့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြခဲ့ပါ တယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်နှင့်အညီ အချို့သော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို သစ်တောမြေဧရိယာကနေ ပြီးတော့ အားလုံး လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ပယ်ဖျက်ပေးခြင်းရှိခဲ့သော်လည်း ယခုတင်ပြ တောင်းဆိုလာတဲ့မြေနေရာနဲ့စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဌာန အဆင့်ဆင့်မှ ပြည်ထဲရေးဝန်ကြီးဌာနကိုတင်ပြပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ညှိနှိုင်းဆောင်ရွက်လာတဲ့အခါမှသာ လုပ်ထုံးလုပ်နည်းနှင့်အညီ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်နှင့်အကျိုးတူ ဖက်စပ်လုပ်ကိုင်ခဲ့ကြသော သစ်ကုမ္ပဏီများအနေနှင့် သစ်ထုတ်ယူသော သစ်ကွက်အတွင်း၌ သစ်တောစိုက်ခင်းများကို ကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် ပြန်လည်စိုက်ပျိုးပေး ပြီး/မပြီး၊ သစ်တောဦးစီးဌာနက လိုအပ်သည်ဟုသတ်မှတ်သော သစ်တောနယ်မြေအတွင်း သဘာဝ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး/မပြီးနှင့် သစ်တောထွက်ပစ္စည်းထုတ်ယူခြင်း ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအတွက် သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးပြီး/မပြီး သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။

**မူကြမ်း**

နိုင်ငံတော်ရဲ့ လိုအပ် ချက်အရ မြေပေါ်မြေအောက်သဘာဝအရင်းအမြစ်တွေကို အလွန်အကျွံ ထုတ်ယူသုံးစွဲလိုက်ကြပြီးပါပြီ။ ဒီသဘာဝအရင်းအမြစ်တွေထဲမှာ ပြန်လည်ပြည့်ဖြိုးနိုင်တဲ့ မြေပေါ် သယံဇာတအရင်းအမြစ်ကတော့ သစ်တောများကို ပြန်လည်ပြုစုပျိုးထောင်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ သစ်တော ဥပဒေ၊ နည်းဥပဒေထဲက နည်းဥပဒေပုဒ်မ ၄၄ ပါ အချက်ကို ထောက်ပြပြီးမှ မေးခွန်းမေးမြန်းခြင်း ဖြစ်ပါတယ်။ သစ်တောနည်းဥပဒေပုဒ်မ ၄၄ မှာ စီးပွားဖြစ် သစ်ထုတ်ယူခွင့်ရရှိသူသည် ခွင့်ပြုမိန့်အရ နိုင်ငံတော်အတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်း သို့မဟုတ် သဘာဝနည်းလမ်းဖြင့် သစ်တော ပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် တာဝန်ရှိလျှင် အပိုဒ်ခွဲ(က) သစ်ထုတ်လုပ်ခြင်းမပြု မီ ထုတ်ယူမည့်စီမံချက်ကို သစ်တောဦးစီးဌာနသို့ တင်ပြရမည်။ အပိုဒ်ခွဲ(ခ) သစ်ထုတ်ယူသော သစ်ကွက်အတွင်း၌ သစ်တောစိုက်ခင်းကို မိမိ ကုန်ကျစရိတ်ဖြင့် ပြန်လည်စိုက်ပျိုးပေးရမည်။ အပိုဒ်ခွဲ(ဂ) သစ်တောဦးစီးဌာနက လိုအပ်သည်ဟု သတ်မှတ်သော သစ်တောနယ်မြေအတွင်း သဘာဝ သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို မိမိ၏ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ပေးရမည်။ အပိုဒ်ခွဲ(ဃ) သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအတွက် သစ်တောဦးစီး ဌာနသို့ လျော်ကြေးပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ကျွန်တော်မေးချင်တဲ့မေးခွန်းက တော့ (၁) နိုင်ငံတော်နှင့် အကျိုးတူဖက်စပ်လုပ်ကိုင်ခဲ့သော ကုမ္ပဏီများအနေဖြင့် သစ်ထုတ်ယူသော သစ်ကွက်အတွင်း၌ သစ်တောစိုက်ခင်းများကို ကုမ္ပဏီ၏ကုန်ကျစရိတ်ဖြင့် ပြန်လည်စိုက်ပျိုး ပေးပြီးပါပြီလား။ (၂) သစ်တောဦးစီးဌာနက လိုအပ်သည်ဟုသတ်မှတ်သော နယ်မြေအတွင်း သဘာဝ သစ်တောပြုစ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ယင်းကုမ္ပဏီတို့၏ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ပေးပြီး ပါပြီလား။ (၃) သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအတွက် သစ်တော ဦးစီးဌာနသို့ အဆိုပါကုမ္ပဏီများက လျော်ကြေးပေးပြီးပါပြီလား။ (၄) နည်းဥပဒေ ၄၄ အပိုဒ်ခွဲ(ဃ)ပါ လျော်ကြေးဆိုသည်ကို ဤနည်းဥပဒေနှင့်အညီ မည်သည့်နှုန်းထားများဖြင့် သတ်မှတ် ညွှန်ကြား ခဲ့ပါသလဲဆိုတာကို နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ အကျိုးကိုရှေးရှုပြီးမှ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)။** ။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေရဲ့ နိုင်ငံတော်နှင့်အကျိုးတူဖက်စပ်လုပ်ကိုင်ခဲ့ကြတဲ့ သစ်ကုမ္ပဏီများအနေနှင့် သစ်ထုတ်ယူ ခဲ့တဲ့ သစ်ကွက်များအတွင်းမှာ သစ်တောစိုက်ခင်းများကို ကုမ္ပဏီရဲ့ ကုန်ကျစရိတ်နဲ့ ပြန်လည်စိုက်ပျိုး ပြီးပြီလား၊ သစ်တောဦးစီးဌာနက လိုအပ်သည်ဟုသတ်မှတ်ထားတဲ့ သစ်တောနယ်မြေအတွင်းမှာ သဘာဝသစ်တောပြုစုထိန်းသိမ်းမှုလုပ်ငန်းများကို ယင်းကုမ္ပဏီတို့ရဲ့ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက် ပြီးပြီလား၊ သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအတွက် သစ်တောဦးစီးဌာနသို့ အဆိုပါကုမ္ပဏီများက လျော်ကြေးပေးပြီးပြီလား၊ နည်းဥပဒေ ၄၄ အပိုဒ်ခွဲ(ဃ) ပါ လျော်ကြေးဆိုသည်မှာ ဤနည်းဥပဒေနှင့်အညီ မည်သည့်နှုန်းထားဖြင့် သတ်မှတ်ညွှန်ကြားပေးခဲ့ ပါသည်တို့ကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းအားလုံး လေးခုဖြစ်ပါတယ်။ ပေါင်းပြီးတော့ဖြေကြားသွားပါ့မယ်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ Power Point ကျွန်တော့်ကို တင်ပြခွင့်ပြုပါခင်ဗျား။ သစ်တောများမှရရှိလာတဲ့ တိုက်ရိုက်နဲ့သွယ်ဝိုက်သော အကျိုးကျေးဇူးများကို လက်ရှိပြည်သူများနဲ့ နောင်လာနောင်သားများ စဉ်ဆက်မပြတ်ခံစားနိုင်ရေးအတွက် မြန်မာ့သစ်တော မူဝါဒ ၁၉၉၅ နှင့် အမျိုးသားသစ်တောကဏ္ဍ ပင်မနှစ် ၃၀ စီမံကိန်း ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်ထိကို ရေးဆွဲပြဋ္ဌာန်းထားပြီးတော့ ထာဝစဉ်တည်တံ့စေတဲ့ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု (Sustainable Forest Management-SFM) စနစ်အရ ၁၀ နှစ်အတွက် သစ်တောအုပ်ချုပ်မှု လုပ်ကိုင်မှုစီမံကိန်းများကိုရေးဆွဲပြီးတော့ ကျွန်း၊ သစ်မာပင်ထောင်ရိုက်ခြင်းလုပ်ငန်းများကို မြန်မာ့ ရွေးချယ်ရေးစနစ်(Myanmar Selection System-MSS)နှင့် စီမံအုပ်ချုပ်ဆောင်ရွက်လျက်ရှိ ပါတယ်။ အဲဒီလို စီမံအုပ်ချုပ်ဆောင်ရွက်တဲ့နေရာမှာ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအရ နှစ်စဉ်ထုတ်ခွင့်ပြုထားတဲ့ ပင်ထောင်အရေအတွက် (Annual Alongable Cut -AAC) ကိန်း ဂဏန်းအပေါ်မှာ အခြေခံပြီးတော့ သစ်တောဦးစီးဌာနနဲ့ မြန်မာ့သစ်လုပ်ငန်းတို့ ညှိနှိုင်းပြီးတော့ နှစ်စဉ်သစ်ထုတ်မယ့် လျာထားချက်များကို ကျွန်တော်တို့ သတ်မှတ်ပါတယ်။

မြန်မာ့ရွေးချယ်နည်းစနစ်(MSS)အရ ရွေးချယ်ရိုက်မှတ်ထားတဲ့ ပင်ထောင်များကိုသာ သစ်ထုတ်ခွင့်ပြုတဲ့အတွက် မြန်မာ့သစ်လုပ်ငန်းက သဘာဝတောများအတွင်း သစ်ထုတ်ခြင်းတွင် နေရာအားလုံးကို သစ်ပင်ပြန်လည်စိုက်ပျိုးရန်မလိုအပ်သော်လည်းပဲ (၁)တောမီးနှင့် သဘာဝ

အန္တရာယ်များကြောင့် တောပွင့်၍ ကွက်လပ်ဖြစ်နိုင်သောနေရာများ၊ (၂) သစ်ထုတ်ပြီးသောတောများ၊ (၃) မျိုးဆက်ပင်များ ထိခိုက်နိုင်သောနေရာများ၊ (၄) မျိုးဆက်ပင်(Seed Bearers)များ၊ မရှိတော့တဲ့ နေရာများ အပါအဝင် သဘာဝတောများမှ အဖိုးတန်သစ်မျိုးများရဲ့မျိုးဆက်ခြင်း မလုံလောက်တော့ တဲ့နေရာများတွေမှာ သဘာဝတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက် ပါတယ်။ အဲဒီအပြင် အဖိုးတန်သစ်ပင်တွေပေါ်မှာ အုပ်မိုးနေတဲ့တန်ဖိုးမရှိတဲ့အပင်များကို ခုတ်လှဲ ရန်နှင့် ဆိုင်းနေတဲ့နွယ်များကို ဖြတ်တောက်ရန် လိုအပ်သောနေရာတွေမှာ တန်ဖိုးရှိအပင်များ အနီး အနားမှာရှိတဲ့ တန်ဖိုးနည်းအပင်တွေရဲ့ ယှဉ်ပြိုင်ခြင်းကနေပြီးတော့ ကင်းလွတ်ရန်အတွက် တန်ဖိုးနည်း အပင်များကို ခုတ်လှဲတဲ့ အုပ်မိုးကာဆိုင်း ခုတ်လှဲနည်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

သစ်တောဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(က)အရ သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းနှင့် ပြည်တွင်း ပြည်ပ ရောင်းချခြင်းလုပ်ငန်းများကို နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်တဲ့ မြန်မာ့သစ်လုပ်ငန်း တစ်ခုတည်းကသာ ပြည်ထောင်စုအစိုးရထံတင်ပြပြီး လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သစ်ထုတ် ကုမ္ပဏီများအနေနဲ့ နိုင်ငံတော်နှင့် အကျိုးတူဖက်စပ်လုပ်ကိုင်ခြင်းမရှိပါဘူး။ နိုင်ငံတော်က ချမှတ် ထားတဲ့ ပြည်တွင်းပြည်ပဝင်ငွေလျာထားချက်အရ ပြည်ထောင်စုအစိုးရက ခွင့်ပြုထားတဲ့ လုပ်ငန်း အပေါ်မှာ မြန်မာ့သစ်လုပ်ငန်းအနေနဲ့ ဌာနမှသစ်ထုတ်အင်အားမလုံလောက်တဲ့အတွက် သစ်တန် ပမာဏအတွက်သာ ကုမ္ပဏီနှင့်လုပ်ငန်းရှင်များကို ဌာနကိုယ်စား Sub Contract ထပ်ဆင့်လုပ်ကိုင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

သစ်တောဥပဒေပုဒ်မ ၁၆ မှာ စီးပွားဖြစ်သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ရရှိသူသည် ခွင့်ပြု မိန့်အရ နိုင်ငံတော်အတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်း သို့မဟုတ် သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းများကို ဆောင်ရွက်ပေးရန် တာဝန်ရှိလျှင် ယင်းလုပ်ငန်းကို မိမိ၏ ကုန်ကျစရိတ်ဖြင့် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ တာဝန်ပေးချက်အရ မြန်မာ့သစ်လုပ်ငန်းကနေပြီးတော့ ၎င်းရဲ့ကိုယ်စား(Sub Contract) အဖြစ် သစ်ထုတ်တဲ့ကုမ္ပဏီများကို ၎င်းတို့ရဲ့ကုန်ကျစရိတ်နဲ့ သီးခြားကျွန်းစိုက်ခင်းများကို တည်ထောင်စေခြင်းနှင့် သစ်တောဦးစီးဌာနမှ မြန်မာသစ်လုပ်ငန်းကို ညှိနှိုင်းအကြောင်းကြားချက်အရ သစ်ထုတ်သစ်ကွက်များရှိ ကွက်လပ်နေရာများမှာ မြန်မာ့သစ်လုပ်ငန်းကနေပြီးတော့ သဘာဝတော တန်ဖိုးမြှင့် စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါတယ်။

**မူကြမ်း**

သီးခြားကျွန်းစိုက်ပျိုးခြင်းအဖြစ် မြန်မာ့သစ်လုပ်ငန်းရဲ့ကိုယ်စား သစ်ထုတ်ခွင့်ပြုတဲ့ Sub Contract သစ်ထုတ်ကုမ္ပဏီ ၁၈ ခုကနေပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုမှာ ၂၀၀၄-၂၀၀၅ ကနေပြီးတော့ ၂၀၀၇-၂၀၀၈ အထိ သီးခြားကျွန်းစိုက်ခင်း ၁၀၃၀၀ ဧက စိုက်ပျိုးခဲ့ပြီးတော့ အစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ရရှိတဲ့ ကုမ္ပဏီခုနစ်ခုရဲ့သီးခြားကျွန်းစိုက်ခင်း ၄၃၀၀ ဧကကို ထိန်းသိမ်းစောင့်ရှောက်ခွင့်အတွက် သစ်တောဦးစီးဌာနနဲ့ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်များ ချုပ်ဆိုထားပြီး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြန်မာ့သစ်လုပ်ငန်းရဲ့ကိုယ်စား သစ်ထုတ်ခွင့်ရခဲ့တဲ့ Sub Contract သစ်ထုတ်ကုမ္ပဏီ သုံးခုဟာ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ စံပယ်နံ့သာနှင့် လွှဲဆိပ်ကြိုးဝိုင်းများအတွင်းမှာ သီးခြားကျွန်းစိုက်ခင်း ၁၇၀၀ ဧကကို စိုက်ပျိုးခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာ့သစ်လုပ်ငန်းမှနေပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်ကနေ စတင်ပြီးတော့ သစ်ထုတ်ဒေသကြီး ခုနစ်ခုဟာ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ ကသာခရိုင်၊ ကလေးခရိုင်၊ တမူးခရိုင်များအတွင်းမှာရှိတဲ့ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၂၄ ခုနှင့် သစ်တောမြေပြင်ပ သုံးနေရာမှာ စိုက်ပျိုးပင် ၈၆၇၆၈ ပင်ကို စိုက်ပျိုးခဲ့ခြင်းအတွက် သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ သစ်ထုတ်လုပ်ခွင့်နှင့် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်မှုအတွက် မြန်မာ့သစ်လုပ်ငန်းကိုသာ စိစစ်ခွင့်ပြုဆောင်ရွက်စေပြီး သဘာဝတော ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ပင်ထောင်ခုတ်လှဲပိုင်းဖြတ်ခြင်းလုပ်ငန်းများ စစ်ဆေးခြင်း၊ ခုတ်လှဲပြီး ငုတ်စစ်ဆေးခြင်းနှင့် သစ်စုပုံသယ်ဆောင်ခြင်းလုပ်ငန်းများအား စနစ်တကျ စိစစ်၊ စစ်ဆေးခြင်းများကို ဆောင်ရွက် လျက်ရှိပါတယ်။

နောက်ဆုံးအပိုဒ်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ သစ်တောနည်းဥပဒေ ၄၄ အပိုဒ်ခွဲ(ဃ)အရ သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းကြောင့် သဘာဝဝန်းကျင်ပျက်စီးမှုအတွက် သစ်တောဦးစီးဌာနသို့လျော်ကြေးပေးရမယ်ဟု ဖော်ပြထားချက်အရ သစ်ထုတ်လုပ်ငန်းကြောင့်ဖြစ်စေ၊ အခြားဒေသဖွံ့ဖြိုးမှုလုပ်ငန်းတစ်ခုခုကြောင့်ဖြစ်စေ သစ်ပင်များထိခိုက်ပျက်စီးပါက ကျွန်းသစ်တစ်လုံး သို့မဟုတ် ကျွန်းပင်တစ်ပင်လျှင် လုံးပတ်အားဖြင့် တစ်ပေနှင့်အထက် ၁၅၀၀၀ ကျပ်နှုန်း၊ ပိတောက်၊ တမလန်း၊ သင်းဝင်တစ်လုံး သို့မဟုတ် တစ်ပင်ကို လုံးပတ်အားဖြင့် တစ်ပေနှင့်အထက်ကို ၁၀၀၀၀ ကျပ်နှုန်း၊ အခြားသစ်မာတစ်လုံး သို့မဟုတ် တစ်ပင်ကို လုံးပတ်အားဖြင့် တစ်ပေနှင့်အထက် ၇၅၀၀ ကျပ်နှုန်းဖြင့် ပေးဆောင်ရန် သတ်မှတ်ထားကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ဖြေကြားသွား တဲ့ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုအတွက် ရည်ရွယ် ပြီးတော့ ကျွန်တော်မေးတာတော့မဟုတ်ပါဘူး။ နောက်ဥပမာတစ်ခု အနေနဲ့ပြောမယ်ဆိုရင် ရှမ်းပြည်နယ် မိုင်းဆတ်၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းယောင်းအထိပါဝင်တဲ့ ပုံပါကျင် သစ်တောကြိုးဝိုင်းကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလကစပြီးမှ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလကုန်ထိ ရှစ်နှစ်တိုင်တိုင် ထိုင်းနိုင်ငံနှင့် စင်္ကာပူနိုင်ငံမှာအခြေစိုက်တဲ့ Sarwat ကုမ္ပဏီကို သစ်ထုတ်ယူခွင့် ရောင်းချခဲ့ပါတယ်။ အဲဒီတော့ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ တောင်သရက်တို့ ထူထပ်စွာပေါက် ရောက်တဲ့သစ်တောဖြစ်လို့ အင်္ဂလိပ်အစိုးရက ၁၉၀၀ ပြည့်နှစ်တုန်းက Golden Teak Wood Areas လို့ ဒီလို သတ်မှတ်ခဲ့ပါတယ်။ အဲဒီသစ်တောကို မြေပြင် Survey မရှိဘဲနဲ့ ၁၉၄၂ ခုနှစ်က ကောင်းကင်မြေပုံ အတိုင်း တစ်လက်မကို မြေပြင်တစ်မိုင်စကေးနှုန်းနဲ့ မြေပုံထုတ်ပြီးမှ သစ်ထုတ်ခွင့်ပေးခဲ့ပါတယ်။ အဲဒီ လို သစ်တောနေရာမျိုးတွေကိုကျတော့ ဘယ်လိုမျိုး ပြန်လည်ပြုစု ပျိုးထောင်ဖို့ အစီအစဉ်ရှိပါသလဲလို့ ထပ်ဆင့်မေးခွန်းမေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ ခုနက ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီးကို ဘာကြောင့်ရည်ညွှန်းပြောရလဲဆိုတော့ ဒီမေးတဲ့ ကိုယ်စားလှယ်တော်ကြီးက ဖောင်းပြင်မြို့နယ်ဆိုတော့ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ဥပမာ ပေးလို့ရှိရင် ပိုပြီးထင်ရှားမယ်ဆိုပြီးတော့ ကျွန်တော်ဥပမာပေးထားပါတယ်။ ခုနက ကိုယ်စားလှယ် တော်ကြီး ထပ်မံမေးမြန်းသလိုပါပဲ။ မြန်မာပြည်တစ်ပြည်လုံးမှာအကုန်လုံးကတော့ ခုနက ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီးကိုပေးတဲ့ ဥပမာအတိုင်းပဲ။ သစ်ထုတ်တဲ့ကုမ္ပဏီတိုင်းမှာ မိမိရဲ့သစ်တော အတွင်းမှာဆိုလို့ရှိရင် အကြောင်းအမျိုးမျိုးကြောင့် ကွက်လပ်ဖြစ်နေတယ်။ နေရာလပ်ဖြစ်နေတယ် ဆိုရင်တော့ ပြန်လည်စိုက်ပျိုးရပါတယ်ခင်ဗျား။ ဒီစိုက်ပျိုးတာကိုလည်းပဲ ခုနက ကျွန်တော် Power Point မှာ တင်ပြပါတယ်။ ဒီမိမိရဲ့စိုက်ပျိုးတဲ့ဟာကို ကျွန်တော်တို့ သစ်တောဦးစီးဌာနကို မြန်မာ့သစ် လုပ်ငန်းကနေပြီးတော့ စိုက်ပျိုးပြီးစီးကြောင်းကို အစီရင်ခံစာပို့ရပါတယ်။ အဲဒါကို ကျွန်တော်တို့ သစ်တောဦးစီးဌာနကနေပြီးတော့ သွားရောက်စစ်ဆေးပြီးတော့ ခုနက သေပင်/ရှင်ပင် ဘယ်လောက်ရှိ

သလဲကို ကျွန်တော်တို့က မှတ်တမ်းတင်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော်ခုနကတင်ပြခဲ့တဲ့ဟာကတော့ စစ်ကိုင်းတိုင်းဒေသကြီးက ဥပမာပေးပြောသော်လည်းပဲ မြန်မာပြည်တစ်ပြည်လုံး သစ်ထုတ်တဲ့နေရာ အကုန်လုံးမှာတော့ ဒီအတိုင်းပဲ ဆောင်ရွက်ရပါကြောင်းနှင့် ဆောင်ရွက်တာတွေ အကုန်လုံးကိုလည်း ပြန်လည်စိုက်ပျိုးပြုစုမှုအားလုံးကိုလည်းပဲ မြန်မာ့သစ်လုပ်ငန်းက ပထမ စစ်ဆေးပါတယ်။ ပြီးရင် Report ပေးရပါတယ်။ အဲဒီ Report ကို ကျွန်တော်တို့ သစ်တောဦးစီးဌာနက လူတွေက သွားစစ်ဆေးပြီးတော့ ဒါခုနကလို အတည်ပြုခြင်း၊ လိုအပ်တဲ့နေရာများကို ပြန်လည်ဖြည့်စွက်ခြင်းများကို ပြုလုပ်ရပါတဲ့အကြောင်းကို ကျွန်တော် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ပုဂ္ဂလိကကုမ္ပဏီများကို သစ်ခုတ်ခွင့်၊ သစ်ထုတ်လုပ်ခွင့် ရပ်ဆိုင်းရန်နှင့် တရားမဝင် သစ်ခိုးထုတ်နေခြင်းကို ထိရောက်စွာအရေးယူရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ သဘာဝသယံဇာတနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီရဲ့ အစီရင်ခံစာအရ မြန်မာ့သစ်တောဖုံးလွှမ်းမှုဟာ ၂၀၀၅ ခုနှစ်မှာ ၅၁ ရာခိုင်နှုန်းရှိရာကနေပြီးတော့ ၂၀၀၈ ခုနှစ်မှာ ၂၄ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်း ဖော်ပြပါရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ကထုတ်ပြန်တဲ့ ကုလသမဂ္ဂ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့(FAO)က အာဖရိကနိုင်ငံ ဒါဗင်မှာကျင်းပတဲ့ ကမ္ဘာ့သစ်တောကွန်ဂရက်မှာ မြန်မာနိုင်ငံဟာ သစ်တောပြုန်းတီးမှုအများဆုံးစာရင်း အဆင့်(၃)နေရာမှာ ရပ်တည်လျက်ရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သစ်တောပြုန်းတီးမှုများမှာ အန္တရာယ်အဆင့်ကို ကျရောက်နေပြီဆိုတာ လက်ငင်းကြုံတွေ့နေရပြီဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှ စတင်ကြုံတွေ့ရတဲ့ ရေလွှမ်းမိုးမှုဖြစ်စဉ်များဟာ သစ်တောပြုန်းတီးမှုများကြောင့်ဖြစ်ပါတယ်။ ပုဂ္ဂလိကသစ်ကုမ္ပဏီများကို သစ်ခုတ်ခွင့်၊ သစ်ထုတ်လုပ်ခွင့်နဲ့ ဆောင်ရွက်ရာမှာ အောက်ပါအချက်များကို ကျွန်တော်တို့လေ့လာတွေ့ရှိရပါတယ်။ သတ်မှတ်ထားတဲ့ပမာဏထက်များစွာပိုမိုထုတ်လုပ်ခြင်း၊ နောက် မြေငှားရမ်းခ၊ ဆင်ငှားရမ်းခ၊ သစ်လုံးခွဲငွေပေးသွင်းရန်ကြွေးကျန်များ

များနေခြင်း၊ အမြတ်ဝေစုများ မပေးသွင်းခြင်း၊ အခွန်ရှောင်ခြင်း၊ သစ်ထုတ်လုပ်ရေးစရိတ်များ ကြိုတင်ရယူခြင်း စတဲ့အချက်တွေကြောင့် နိုင်ငံတော်အနေနဲ့ သယံဇာတတွေဆုံးရှုံးပြီးတော့ ထိုက်သင့်တဲ့အကျိုးအမြတ်မရရှိတာကို တွေ့ရှိရပါတယ်။ တရားမဝင်သစ်ခိုးထုတ်မှုနှင့်ပတ်သက်လို့ လန်ဒန်အခြေစိုက် Global Witness အစီရင်ခံစာအရ ၂၀၀၄ ခုနှစ်မှာ မြန်မာသစ် ကုဗတန် ကုဗမီတာ တစ်သန်းကျော် မြန်မာပြည်မြောက်ဖျားကနေပြီးတော့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကို တရားမဝင်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဒီပမာဏဟာ တရုတ်ကိုတင်ပို့တဲ့သစ်ပမာဏရဲ့ ၉၅ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၀၅ ခုနှစ် အစီရင်ခံစာမှာလည်း ၂၀၀၅ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံက တရုတ်နိုင်ငံဘက်ကို တရားမဝင်တင်ပို့တဲ့ သစ်တန်ချိန်ပေါင်းဟာ ၁ ဒသမ ၅ သန်းရှိပြီးတော့ အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၅၀ တန်ဖိုးရှိတယ်လို့ သိရပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံရဲ့တရားမဝင်တင်ပို့တဲ့သစ်များဟာ တရုတ်နိုင်ငံယူနန်ပြည်နယ်ကို ကုန်းလမ်းနဲ့ပို့ဆောင်တာဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်ကနေပြီးတော့ ၂၀၀၂ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှတင်ပို့တဲ့သစ်ပမာဏရဲ့ ၈၈ ရာခိုင်နှုန်းဟာ အဆိုပါလမ်းကြောင်းမှ ဝင်ရောက်ခြင်းဖြစ်ကြောင်း တရုတ်အကောက်ခွန်မှတ်တမ်းများအရ သိရှိရပါတယ်။ ဒီလိုမျိုးယင်းတို့နဲ့ ၇၅ ရာခိုင်နှုန်းဟာ ကချင်ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်တဲ့ ယူနန်လက်အောက်ခံ ခရိုင်သုံးခုကနေပြီးတော့ ဖြတ်သန်းဝင်ရောက်တာဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ တရားမဝင်သစ်ခိုးထုတ်တဲ့သစ်တွေ ပျမ်းမျှအားဖြင့် တစ်စီးကို ၁၅ တန်လောက် တင်ဆောင်ထားတဲ့ သစ်လုံးတင်ထရပ်ကားကြီးတွေဟာ တရုတ်နိုင်ငံဘက် စစ်ဆေးရေးဂိတ်များကို ခုနစ်မိနစ်ကို ကားတစ်စီးနှုန်းကျနဲ့ ၂၄ နာရီကို တစ်နေ့တာပတ်လုံး၊ တစ်နှစ်ပတ်လုံး အမြဲတမ်းဖြတ်သန်းဝင်ရောက်နေပေမဲ့ ဘယ်သူမှ အရေးယူဆောင်ရွက်ခြင်းမရှိဘူးလို့ Global Witness ကထုတ်ဖော်ပြောကြားပါတယ်။ ဒါကြောင့် အဆိုပါ တရားမဝင်သစ်လုံးတင်ပို့ရောင်းချမှုများဟာ တရုတ်ကုမ္ပဏီများ၊ တရုတ်ဒေသခံအာဏာပိုင်များ၊ သစ်တောဌာနမှတာဝန်ရှိသူများ၊ ဒေသခံတပ်မတော်အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်ပတ်သက်နေကြောင်းလည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကို မေးမြန်းလိုတာက ပုဂ္ဂလိကကုမ္ပဏီများကို သစ်ခုတ်ခွင့်၊ သစ်ထုတ်လုပ်ခွင့်ရပ်ဆိုင်းဖို့ အစီအစဉ်ရှိ/မရှိနဲ့ တရားမဝင်သစ်ခိုးထုတ်နေခြင်းအား ထိရောက်စွာအရေးယူဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးရဲ့ ပုဂ္ဂလိကကုမ္ပဏီများကို သစ်ခုတ်ခွင့်၊ သစ်ထုတ်လုပ်ခွင့် ရပ်ဆိုင်းရန်နှင့် တရားမဝင်သစ်ခိုးထုတ်နေခြင်းကို ထိရောက်စွာအရေးယူပေးပါရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုကြောင်းနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အချက်အလက်တွေဟာ အကုန်လုံးအမှန်အကန်တွေ ဖြစ်ပါတယ်။ ကမ္ဘာကနေပြီးတော့ လက်ခံထားတဲ့ အချက်တွေဖြစ်ပါတယ်။ ကျွန်တော်တို့ သစ်တော၊ သစ်ပင်တွေအလွန်ကုန်ခန်းနေတဲ့အခါ ခုနကသစ်တွေလည်းပဲ တရားဝင်ရော၊ တရားမဝင်ရော ခိုးထုတ်နေတဲ့အခါ တကယ်လက်တွေ့ဖြစ်ပွားနေတာမို့လို့ ဒါနဲ့ပတ်သက်လို့ကတော့ ကျွန်တော့်အနေနဲ့ကတော့ ဒါမှန်ကန်တဲ့အချက်တွေကို ထောက်ပြတဲ့အတွက်ကြောင့်မို့လို့ အလွန် ကျေးဇူးတင်ပါတယ်။ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ မြန်မာ့သစ်တောမူဝါဒနှင့်အညီ သစ်တောသယံဇာတ အရင်းအမြစ်များကို ရေရှည်တည်တံ့နိုင်ရေးအတွက် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတဲ့နည်းတူ ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် နိုင်ငံဘဏ္ဍာရန်ပုံငွေရရှိရေးအတွက် သစ်နှင့်သစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ မြန်မာနိုင်ငံရဲ့ သဘာဝသစ်တောများကို စနစ်တကျ စီမံ အုပ်ချုပ်ရန် ကျွန်တော်တို့ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (District Forest Management Plan) များကို ၁၉၂၀ ခုနှစ်ကစပြီး ရေးဆွဲတာ ယခု ၂၀၁၆-၂၀၁၇ ခုနှစ်ကနေပြီးတော့ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ၁၀ နှစ်ကာလအတွင်း ခရိုင်သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်း ၆၈ ခရိုင် ရေးဆွဲအတည်ပြုပြီးဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ သယံဇာတပစ္စည်းများ၊ သယံဇာတများ ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် တရားမဝင်သစ်ခိုးထုတ်လုပ်မှုကို လျော့ချရန်ရည်ရွယ်ပြီးတော့ ပြည်ပကိုသစ်အလုံးလိုက်တင်ပို့ခြင်းကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ကစပြီးတော့ ရပ်ဆိုင်းခဲ့ပါတယ်။ လုံးဝကို သစ်လုံးကို

အလုံးလိုက်ပို့ခြင်းကို ရပ်ဆိုင်းခဲ့ပါတယ်။ လက်ရှိ ပြည်သူများတင်မြှောက်ထားတဲ့အစိုးရ လက်ထက်မှာတော့ ပြည်ထောင်စုဝန်ကြီးဌာနကနေပြီးတော့ ကြီးမှူးကျင်းပတဲ့ သစ်တောသယံဇာတရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျွန်တော်တို့ ရန်ကုန်မြို့ မြန်မာ့သစ်လုပ်ငန်းရုံးချုပ်တော်ဝင်ခန်းမမှာ ၂၀၁၆ ခုနှစ်၊ မေလ ၂၄၊ ၂၅ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာပါဝင်တဲ့ Multi State Holder များရဲ့ ဖော်ထုတ်မှုရလဒ်အရ ပြည်ထောင်စုဝန်ကြီးဌာနကဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များက တော့ (၁) ၂၀၁၆-၂၀၁၇ ယခုနှစ်ပေါ့ခင်ဗျား။ ဘဏ္ဍာနှစ်ကစပြီးတော့ ကျွန်းနှင့်သစ်မာထုတ်လုပ်မှုများ လုံးဝရပ်နားရန်၊ (၂) ရှေ့လာမယ့်နှစ်များမှာသတ်မှတ်ထားတဲ့နှစ်စဉ်တောထွက် (AAC) အောက် လျှော့ချထုတ်ယူသွားရန်၊ (၃) ထိုသို့ထုတ်လုပ်ရာမှာ မြန်မာ့သစ်လုပ်ငန်းရဲ့ ဝန်ထမ်းအင်အား စက်ယန္တရားနှင့် သစ်အင်အားတို့ကိုအခြေခံပြီး ဌာနမှထုတ်လုပ်နိုင်တဲ့ပမာဏကိုသာ ချင့်ချိန်ထုတ်လုပ်သွားမှာဖြစ်ပြီး၊ (၄) ယခင်က ပုဂ္ဂလိကကုမ္ပဏီများကိုကိုယ်စားထုတ်လုပ်မှု ခွင့်ပြုမှာမဟုတ်ကြောင်းနှင့် မြန်မာ့သစ်လုပ်ငန်းမှသာ သစ်ထုတ်လုပ်ငန်းများကိုဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ (၅) မြန်မာ့ကျွန်းသစ်မူရင်းဒေသဖြစ်တဲ့ ပဲခူးရိုးမကို သစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၁၀ နှစ်ရပ်ဆိုင်းပြီးတော့ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးကို တင်ပြထားပါတယ်။ သစ်တောသယံဇာတရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲရလဒ်အရ ၂၀၁၆-၂၀၁၇ မှာ ကျွန်တော်တို့ သစ်ထုတ်လုပ်ငန်းကို ရပ်ဆိုင်းထားပါတယ်။ အဲဒါကိုလည်းပဲ သတင်းမီဒီယာများနှင့် အများပြည်သူများ အမြင်ရှင်းလင်းစေရေး၊ ဝန်ကြီးဌာနအပေါ် ယုံမှားသံသယမဖြစ်စေရေးအတွက်ယခုအခါမှာ စိုက်ပျိုးမြေများ အပြောင်းရှင်း ထုတ်လုပ်မယ့်ကိစ္စရပ်များနှင့်ပတ်သက်ပြီးတော့ သစ်ပင်ခုတ်လှဲရန် မလိုအပ်သောနေရာများ၌သာ စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုရန်နှင့် သစ်တောဖုံးလွှမ်းမှုရှိပြီးတော့ သစ်ထုတ်လုပ်ရန်လိုအပ်တဲ့ မြေနေရာ များကိုသာ မြေနေရာများတွင် ခွင့်မပြုရန်ဆိုပြီး ကျွန်တော်တို့ ချမှတ်ပြီးတော့ ကျင့်သုံးလျက်ရှိပါတယ်။

အဲဒီလိုဆောင်ရွက်လျက်ရှိတဲ့အပြင် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးထုတ်သယ်ဆောင်မှုများကိုလည်း ပတ်သက်ပြီးတော့ နည်းလမ်းငါးသွယ်နှင့် စုံစမ်းဖော်ထုတ်ပြီး ဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ခုနတင်ပြတဲ့ နည်းလမ်းငါးသွယ်ဆိုတာကတော့ (၁) စီမံချက်ချမှတ်ဖမ်းဆီးခြင်းနည်းလမ်း ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီရုံးဆိုရာဒေသနှင့် ရှမ်းပြည်နယ်၊ လားရှိုး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး

ဆုံးရာဒေသ ဖမ်းဆီးစီမံချက် ရေလမ်းကြောင်းဖြစ်တဲ့ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ် အမြဲတမ်း စိုးမိုးရေးစီမံချက် မြစ်ကြီးနား၊ ဗန်းမော်၊ ကျောက်မဲ ၊ ကသာခရိုင်တို့မှာ အမြဲတမ်းလှုပ်ရှားစစ်ကြောင်း စီမံချက် သစ်တောဦးစီးရုံးချုပ်ရဲ့စီမံချက်နှင့်ဆောင်ရွက်တဲ့ စစ်ကြောင်းစီမံချက်စတဲ့ နည်းလမ်းများနှင့် စီမံချက်ရေးဆွဲပြီးတော့ ဖမ်းဆီးလျက်ရှိပါတယ်။ (၂) သတင်းရယူစုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ အဲဒီ နည်းလမ်းကတော့ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်များမှာ နည်းလမ်းအမျိုးမျိုးနှင့်သတင်း ရယူပြီးတော့ အထူးစစ်ကြောင်းများနဲ့လည်းကောင်း၊ ဦးစီးရုံးချုပ်စစ်ကြောင်းများနဲ့လည်းကောင်း ဖမ်းဆီးဆောင်ရွက်လျက်ရှိပါတယ်။ (၃) မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဖမ်း ဆီးခြင်းနည်းလမ်း ကတော့ နယ်မြေလုံခြုံရေးအခြေအနေအရ သွားရောက်နိုင်ခြင်းမရှိတဲ့နေရာများမှာ သစ်တောဦးစီး ဌာနဟာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့စသည်တို့နှင့် ပူးပေါင်းပြီးတော့ ဖမ်းဆီးဆောင်ရွက်လျက်ရှိပါတယ်။ (၄) ပုံမှန်အစီအစဉ်ဖြင့် ဖမ်းဆီးခြင်းနည်းလမ်းကတော့ တရားမဝင်သစ်များထုတ်နိုင်တဲ့ ထွက်နိုင်တဲ့နေရာများကို ရှောင်တခင်ဝင်ရောက်ဖမ်းဆီးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်စစ်ကြောင်းများနှင့် ဖမ်းဆီးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ (၅) ပြည်ပကိုခိုးယူသယ်ဆောင်နိုင်တဲ့လမ်းကြောင်းများမှာ ပိတ်ဆို့ဖမ်းဆီးခြင်းနည်းလမ်းကတော့ တစ်ဖက် နိုင်ငံကို ထွက်ရှိနိုင်တဲ့လမ်းကြောင်းနေရာများမှာ ဆက်စပ်ဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပိတ်ဆို့ပြီးတော့ တရားမဝင်သစ်ဖမ်းဆီးခြင်းဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် Power Point မှာ တင်ပြပါ့မယ်။ ဒီသစ်ဖမ်းဆီးတဲ့ မိခဲ့တဲ့ဟာတွေနဲ့ ပတ်သက်ပြီးတော့ ၂၀၀၀-၂၀၀၁ ကနေပြီးတော့ ၂၀၁၅-၂၀၁၆ အထိ ၁၆ နှစ်ကာလအတွင်းမှာ တရားမဝင်ကျွန်း၊ သစ်မာ၊ အခြားအသားစုစုပေါင်း ၆၃၀၉၉၉.၉၇ တန်မိပါတယ်။ တရားခံပေါင်း ကတော့ ၁၀၀၉၄၃ ဦး၊ ယန္တရားပေါင်းကတော့ ၁၃၉၅၆ စီးတို့ကို ဖမ်းဆီးရရှိခဲ့ပါတယ်။ အရေးယူ ခဲ့ပါတယ်။ ယခုနှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဧပြီလကနေပြီးတော့ ပြီးခဲ့တဲ့ ဩဂုတ်လကုန် အထိ ကျွန်း၊ သစ်မာ၊ အခြားစုစုပေါင်း ၁၉၁၀၈.၃၁၃၅ တန်၊ တရားခံ ၃၃၁၆ ဦး၊ ယာဉ်ယန္တရား ၉၉၂ စီးတို့ကို ဖမ်းဆီးခဲ့ပြီးတော့ ဆက်လက်ပြီးတော့လည်းပဲ အရှိန်အဟုန်တိုးမြှင့်ပြီးတော့ ဖမ်းဆီးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမြောက်ဖျား ကချင်ပြည်နယ်နဲ့ အရှေ့ဘက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ နယ်စပ်ချင်း ထိစပ်နေပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ နယ်မြေအေးချမ်းမှုမရှိခြင်းတို့ကြောင့် တရားမဝင် သစ်နှင့် သယံဇာတခိုးထုတ်မှုများ ဖြစ်ပွားလျက်ရှိပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကို သယ်ယူမယ့် တရားမဝင်သစ်များကို ပိတ်ဆို့ဖမ်းဆီးခဲ့ပါတယ်။ ၂၀၀၀-၂၀၁၁ ကနေ ပြီးတော့ ၂၀၁၅-၂၀၁၆ မှာ တရားမဝင် ကျွန်း၊ သစ်မာနဲ့ အခြားအားလုံး ၁၃၆၈၂၅.၅၄ တန်၊ တရားခံ ပေါင်း ၄၃၀၃ ဦး၊ ယာဉ်ယန္တရားပေါင်း ၄၇၀၄ စီးတို့ကို ဖမ်းဆီးခဲ့ပါတယ်။ ယခုနှစ် ၂၀၁၆-၂၀၁၇ ဧပြီလမှာတော့ ဩဂုတ်လကုန်အထိပေါ့လေ တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားသစ်များကို ၁၉၃၉.၈၆၁၃ တန်၊ တရားခံ ၁၁၇ ဦး၊ ယာဉ်ယန္တရား ၁၀၄ စီးတို့ကို ဖမ်းဆီးခဲ့ပြီးတော့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ လုံခြုံရေးကန့်သက်ချက်ရှိတဲ့ နယ်စပ်ထွက်ပေါက်များမှ တရားမဝင်သစ်ခိုးမှုများနှင့် ပတ်သက်ပြီးတော့ တပ်မတော်စစ်ကြောင်းများနဲ့ပူးပေါင်းပြီးတော့ ဖမ်းဆီးဆောင်ရွက်ခြင်းများ ပြုလုပ်သွားမယ့်အပြင် လုံခြုံရေးကန့်သတ်ဧရိယာကို မရောက်မီ ဆက်စပ်ဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတာဝန်ယူရတဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီးတော့ ပိတ်ဆို့ဖြတ်တောက် ဖမ်းဆီးသွားမှာဖြစ်ပါကြောင်းနှင့် တရားမဝင်သစ်တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သစ်တောဦးစီးဌာနဝန်ထမ်းများနဲ့ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့များကို တွဲဖက်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမှာဖြစ်ပြီး သတင်းရရှိရေး၊ ဖော်ထုတ်ဖမ်းဆီးအရေးယူရေး၊ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ရေးနှင့် ထိရောက်တဲ့ ပြစ်ဒဏ်များကို ချမှတ်နိုင်ရေးအတွက် ဆက်စပ်ဌာနများဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တရားစီရင်ရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီးတော့ ကာကွယ်တားဆီးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပေါက်အင်းတောင်ကြိုးဝိုင်းနှင့် ကြိုးပြင်တောများရှိ မူလရောက်ရှိလုပ်ကိုင်နေထိုင်ကြသော တောင်သူများ၏ မြေယာများဌာနေဆိုင်ရာကုမ္ပဏီများမှ သိမ်းယူ၍ ကြက်ဆူစိုက်ပျိုးပြီး နှစ်(၃၀)ဂရန် လျှောက်ထားရရှိမှုမှာ နည်းလမ်းကျ/မကျ၊ ဂရန်ပါ စည်းကမ်းများအား လိုက်နာမှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမယ့်အကြောင်းအရာကတော့ ကနီ

မြို့နယ်၊ ပေါက်အင်းတောင်ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများမှာ မြေယာလိုအပ်ချက်ဖြင့် တက်ရောက်လုပ်ကိုင်နေတဲ့ ဒေသခံတောင်သူများရဲ့ မြေယာပြဿနာတွေနဲ့ပတ်သက်ပြီးတော့ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကနီမြို့နယ်မှာ လူဦးရေတိုးပွားလာမှုနဲ့အတူ လုပ်ကိုင်စားသောက်ရန်မြေယာလိုအပ်ချက်ဖြင့် ပေါက်အင်းတောင်ကြိုးဝိုင်းနဲ့ ကြိုးပြင်တောများပေါ်မှာ ခုတ်ထွင်ရှင်းလင်းပြီးတော့ တစ်နိုင်တစ်ပိုင်လုပ်ကိုင်စားသောက်ခဲ့ကြတဲ့ တောင်သူတွေရှိပါတယ်။ ပေါက်အင်းတောင်ကြိုးဝိုင်းပေါ်မှာ ၁၉၉၈-၁၉၉၉ ခုနှစ်လောက်ကတည်းက လုပ်ကိုင်စားသောက်ခဲ့ကြတာဖြစ်ပါတယ်။ ၎င်းဒေသတစ်ဝိုက်မှာ တောအိပ်တောစားတွေအနေနဲ့ တောနေပြီးတော့ လုပ်ကိုင်စားသောက်နေကြတာ ခန့်မှန်းခြေ ၃၅၀၀ ကျော်တယ်လို့ သိရပါတယ်။ ကနီမြို့နယ်မှာ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေမှာ တရားမဝင်ကျူးကျော်နေထိုင်သူများကို စာရင်းဇယားကောက်ယူရေးနဲ့ ကျေးရွာသစ်များဖွဲ့စည်းနေရာချထားပေးရေးကော်မတီဆိုပြီးတော့ ၂၀၁၃ ခုနှစ် မတ်လထဲမှာ တည်ထောင် ဖွဲ့စည်းပြီးတော့ လုပ်ကိုင်ခဲ့တာရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နယ်တွေမှာ တရားမဝင်ကျူးကျော်နေထိုင်သူတွေရဲ့ ကျေးရွာတည်ထောင်နိုင်ခြင်းလည်း အခုချိန်ထိ တစ်ရွာမှ မရှိသေးပါဘူး။ မုံရွာ-ရွာကြီး-ကလေးဝကားလမ်းပေါ်မှာ မိုင်တိုင် ၃၂ မိုင်မှာ အလယ်တန်းကျောင်းတစ်ကျောင်း၊ မိုင်တိုင် ၂၈ မိုင်မှာ မူလတန်းကျောင်းတစ်ကျောင်း၊ ပေါက်အင်းမြိုင် ၂၇ မိုင်မှာ မူလတန်းကျောင်းတစ်ကျောင်း၊ ပြောင်းပြန်မှာ မူလတန်းကျောင်းတစ်ကျောင်းဆိုပြီးတော့ ကျောင်းတွေတော့ ဖွင့်ထားတာရှိပါတယ်။ ဒါပေမဲ့ အခုအချိန်ထိတော့ တရားဝင်ပြည်ထဲရေးအမည်ပေါက်ကျေးရွာတစ်ရွာမှတော့ မရှိသေးပါဘူး။ နောက်တစ်ခုက ကျွန်တော်တို့စစ်အစိုးရခေတ် ၂၀၀၆-၂၀၀၇ ခုနှစ်လောက်မှာ ကနီမြို့နယ်မှာ ကြက်ဆူအထူးဇုန်(၁)ဆိုပြီးတော့ ကြိုးဝိုင်း/ကြိုးပြင်တောတွေမှာနဲ့ နောက်ပြီးတော့ အထူးသဖြင့် မုံရွာ-ယာကြီး-ကလေးဝကားလမ်းဘေးဝဲ/ယာတစ်လျှောက်မှာ ဧကပေါင်း ၂၈၀၀၀ ဖော်ထုတ်ရန်၊ စိုက်ပျိုးရန်ဆိုပြီးတော့ လျာထားပြီးတော့ သိမ်းယူခဲ့တယ်လို့သိရပါတယ်။ အဲဒီလို သိမ်းယူတဲ့နေရာမှာ ဌာနဆိုင်ရာအမည်၊ ကုမ္ပဏီအမည်၊ တပ်ရင်းတပ်ဖွဲ့၊ လုပ်ငန်းရှင်အဖွဲ့အစည်းအမည်စသည်ဖြင့် အမည်အမျိုးမျိုးနှင့်သိမ်းယူခဲ့ကြခြင်းဖြစ်ပါတယ်။ ကြက်ဆူအကြောင်းပြပြီးတော့ သိမ်းယူမှုကြောင့် ပေါက်အင်းတောင်ကြိုးဝိုင်းနှင့်ကြိုးပြင်တောတွေမှာ မူလရောက်ရှိလုပ်ကိုင်နေတဲ့ တောင်သူများရဲ့မြေယာများဟာ အဲဒီကြက်ဆူစီမံကိန်းထဲ ပါသွားတာဖြစ်ပါတယ်။ ကြက်ဆူခေါင်းစဉ်နှင့် ကြိုးဝိုင်း/ကြိုးပြင်အပါအဝင် မူလတောင်သူတွေလုပ်ကိုင်နေတဲ့ မြေယာတွေကိုသိမ်းယူခဲ့ကြတဲ့

ကုမ္ပဏီ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအမည်အမျိုးမျိုးထဲမှာ ပေါက်အင်းတောင်ကြိုးဝိုင်းကွင်း အမှတ်(၇၆၈)မှာ ဧကပေါင်း ၃၂၀၀ ကို နှစ် ၃၀ ဂရန်နှင့် ကြက်ဆူစိုက်ခွင့် ရရှိထားတယ်ဆိုတဲ့ ကုမ္ပဏီ တစ်ခုဟာဖြင့် မူလလက်ရှိလုပ်ကိုင်နေတဲ့ တောင်သူများကို အမျိုးမျိုးဒုက္ခပေးလျက်ရှိပါတယ်။ ၂၀၀၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာနှစ် ၃၀ ဂရန်ရတယ်လို့လည်း သိရပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်တည်းမှာ ၎င်းကုမ္ပဏီကနေပြီးတော့ မူလလုပ်ကိုင်နေတဲ့ တောင်သူရှစ်ဦးကို တရားစွဲဆိုထောင်ချခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ကနေပြီး ယနေ့ထိတိုင် တရားစွဲခံထားရပြီးတော့ အမှုရင်ဆိုင်နေရတဲ့ မိသားစုပေါင်းကိုးစု နှင့်လူဦးရေ ၅၄ ယောက်ရှိပါတယ်။ အဲဒီထဲမှာ ကျောင်းသားလေးတွေကအစ ပါပါတယ်။ ဒီနေရာမှာ ကြိုးဝိုင်းတောမှာဖြစ်ဖြစ်၊ ကြိုးပြင်တောမှာဖြစ်ဖြစ် ဝင်ရောက်လုပ်ကိုင်ကြတာချင်းအတူတူ မူလ လုပ်ကိုင်တဲ့တောင်သူတွေကိုတော့ မသိကျိုးကျွန်ပြုပြီးတော့ ကျူးကျော်လို့သတ်မှတ်ခံနေရပြီးတော့ မတရားသဖြင့်အခုထက်ထိ တရားစွဲဆိုထောင်ချခံထားရတာတွေရှိပါတယ်။ ဒါပေမဲ့ နောက်မှ လာလု လုပ်တဲ့ကုမ္ပဏီကိုတော့၊ ဌာနဆိုင်ရာတွေကိုတော့ တရားဝင် နှစ် ၃၀ ဂရန်ချထားပေးခြင်းဟာ ကျွန်တော်တို့ အင်မတန်မှအံ့ဩရပါတယ်။ လုပ်ထုံးလုပ်နည်းနှင့်အညီ ဂရန်ထုတ်ပေးခဲ့ခြင်းမျိုး သို့မဟုတ် ကျူးကျော်ချင်းအတူတူ နောက်မှရောက်လာပြီးတော့ လာလုတဲ့ကျူးကျော်တွေကို တရားဝင် ဂရန်ရအောင်လုပ်ပေးခဲ့ခြင်းဟာ အင်မတန်မှလည်းအံ့ဩရပါတယ်။ နောက်တစ်ခုက ဂရန်ရယူထားတဲ့ ကုမ္ပဏီ၊ ဌာနဆိုင်ရာတွေဟာ ဂရန်ပါစည်းကမ်းချက်တွေကိုလိုက်နာမှုရှိသလားဆိုတာလည်း ဖြစ်ပါ တယ်။ စည်းကမ်းချက်တွေကို မလိုက်နာဘဲနဲ့ မြေရယူအမြတ်ထုတ်လိုမှုသက်သက်ဖြစ်နေတဲ့အတွက် စားဝတ်နေရေးအတွက် မြေလိုအပ်နေတဲ့ မူလဒေသခံတောင်သူတွေနဲ့ နိုင်ငံတော်ကတော့ များစွာ နစ်နာလှပါတယ်။ နောက်တစ်ခုက ကြက်ဆူစိုက်ပျိုးခွင့်ရတဲ့မြေပေါ်မှာ သဘာဝတောများကို သစ်တော ဦးစီးဌာနရဲ့ခွင့်ပြုချက်ရရှိပြီးမှသာ အပြောင်ရှင်းခုတ်လှဲခြင်းလုပ်ငန်းဆောင်ရွက်ရမယ်ဆိုတဲ့ စည်းကမ်း ချက်နှင့်အညီ ပြုလုပ်ခဲ့ခြင်းရှိ/မရှိ၊ နောက် ကြက်ဆူစိုက်ခင်း သို့မဟုတ် ကြက်ဆူဥယျာဉ်၊ သီးနှံပင်၊ သစ်တောသစ်ပင်များ တွဲဖက်စိုက်ပျိုးနိုင်တယ်ဆိုတဲ့စည်းကမ်းချက်များအရ ကြက်ဆူမရှိတော့ဘဲနဲ့ အခြားသီးနှံများပင်များရှိ------။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့ ကနီမြို့နယ်ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများရှိတဲ့ မူလ ရောက်ရှိလုပ်ကိုင်နေကြတဲ့ တောင်သူများရဲ့မြေယာများကို ဌာနဆိုင်ရာကုမ္ပဏီများက သိမ်းယူပြီးတော့ ကြက်ဆူစိုက်ပျိုးပြီး နှစ် ၂၀၊ နှစ် ၃၀ ဂရန်လျှောက်ထားရရှိမှုမှာ နည်းလမ်းကျ/မကျ၊ ဂရန်ပါစည်းကမ်းချက်များအား လိုက်နာမှုရှိ/မရှိနှင့် အစိုးရအခြေခံပညာကျောင်းများ ရှိသော်လည်း ပြည်ထဲရေးအမည်ပေါက်ကျေးရွာများ၊ စုစည်းတည်ထောင်ပေးရန် အစီအစဉ်များရှိ/မရှိကိုသိလိုပါ၍ မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီတော့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ပြီးညှိနှိုင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပထမပိုင်းနှင့်ပတ်သက်ပြီးတော့ ကနီမြို့နယ်၊ ပေါက်အင်းတောင်ကြိုးဝိုင်းမှာ ကြက်ဆူစီမံကိန်းကို ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှာ ဆောင်ရွက်ခဲ့ပါတယ်။ ယခင်သစ်တောရေးရာဝန်ကြီးဌာန ကနေပြီးတော့ တာဝန်ယူစိုက်ပျိုးရမယ့် ခြံစည်းရိုးကြက်ဆူများကို လျာထားချက်နှင့်အညီ မြန်မာ့သစ်လုပ်ငန်းကနေပြီးတော့ ကိုယ်စားလှယ်သစ်ထုတ်ခွင့်ရတဲ့ ကုမ္ပဏီများထံသို့ တိုင်းအလိုက်စိုက်ပျိုးရန်ထပ်ဆင့်တာဝန်ညွှန်ကြားပေးခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်းကနေပြီးတော့ ကြက်ဆူစိုက်ခင်း ဧက ၁၀၀၀၀ ကိုတာဝန်ယူစိုက်ပျိုးရန်ကိစ္စကို မြန်မာ့သစ်လုပ်ငန်းကိုယ်စားခုနကကိုယ်စားလှယ်တော်ကြီးအနေနဲ့ နာမည်မပြောပေမဲ့ ဒီမှာနာမည် ထုတ်ဖော်ပြောပါ့မယ်။ မြန်မာ့သစ်လုပ်ငန်းကိုယ်စား တင်ဝင်းထွန်းကုမ္ပဏီကနေပြီးတော့ စိုက်ပျိုးရန်တာဝန်ပေးအပ်ခံရပြီးတော့ သက်ဆိုင်ရာသစ်တောဦးစီးဌာနကကွင်းဆင်းစစ်ဆေးပြီးတော့ ဧက ၄၅၀၀ ကိုသာခွင့်ပြုသင့်ကြောင်း ထောက်ခံခဲ့ပါတယ်။ ထောက်ခံခဲ့တာကတော့ သစ်တော်ဦးစီးရုံးချုပ်ရဲ့ ၂၀-၇-၂၀၀၆ ရက်စွဲပါစာအမှတ်၊စီမံကိန်း/စ-၁၉/(၂၂၁၂-၁၃/၀၆)နဲ့ခွင့်ပြုခဲ့ပါတယ်။

တင်ဝင်းထွန်းကုမ္ပဏီဟာ စီမံကိန်းဝင်ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းလုပ်ငန်းကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးရဲ့ အနီးကပ်ကြီးကြပ်မှုနှင့် ၂၀၀၆ ခုနှစ် ဇူလိုင်လမှာ ကြက်ဆူပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာ ၂၄၆၆ ဧက၊

၂၀၀၇ ခုနှစ်မှာ ၄၀၂ ဧက၊ ၂၀၀၈ ခုနှစ်မှာ ၃၂၂ ဧက စုစုပေါင်း ဧက ၃၂၀၀ ကိုစိုက်ပျိုးခဲ့ပြီး ကုမ္ပဏီကနေပြီးတော့ ၅-၁၂-၂၀၀၈ ရက်စွဲပါစာအမှတ်၊ ၂၀၁-တ၀ထ/၂၀၀၈-၀၉ နဲ့ကြက်ဆူစိုက်ခင်း ၃၂၀၀ ဧကအတွင်းမှာ ကြားညှပ်သီးနှံများ၊ နှစ်ရှည်ပင်များ စိုက်ပျိုးပြီးတဲ့အတွက် နှစ် ၃၀ မြေငှားဂရန် လုပ်ကိုင်ခွင့်စာချုပ်ချုပ်ဆိုရရှိရေးအတွက် သစ်တောဦးစီးဌာနကို တင်ပြပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးကနေပြီးတော့ ဦးစီးရုံးချုပ်ကို ၄-၁၂-၂၀၀၈ ရက်စွဲပါစာအမှတ်၊ ၂၆၅၂-၅၆/ခ-၅ နှင့်တင်ပြခဲ့ပါတယ်။

ဒီဝန်ကြီးရုံးရဲ့ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှာကျင်းပတဲ့ ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီရဲ့ (၁/၂၀၀၉)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ တင်ဝင်းထွန်းကုမ္ပဏီလီမိတက်မှတာဝန်ယူစိုက်ပျိုးခဲ့တဲ့ ကြက်ဆူဧက ၃၂၀၀ ကို အမှန်တကယ်စိုက်ပျိုးပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ အခန်း(၄) ပုဒ်မ ၁၂ ပုဒ်မခွဲ(က)နှင့် ၁၉၉၅ ခုနှစ်၊ သစ်တောနည်းဥပဒေများ အခန်း(၃) ပုဒ်မ ၂၀ ပုဒ်မခွဲ(က)တို့အရ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်ကိုချုပ်ဆိုပေးခဲ့ပါတယ်။

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရဲ့ ၃၀-၅-၂၀၁၁ ရက်စွဲပါစာအမှတ်၊ စီမံကိန်း/စ-၁၉(ဂ)/(၆၁၉၀-၉၂/၂၀၁၁)နှင့်ခွင့်ပြုချက်အရ တင်ဝင်းထွန်းကုမ္ပဏီရဲ့လုပ်ကိုင်ခွင့်ရ ဧက ၃၂၀၀ အနက်ကနေပြီးတော့ ပေါက်အင်းတောင်ကြိုးဝိုင်းအကွက်အမှတ်(၆)၊ အမှတ်(၇)၊ အမှတ်(၈)မှာ ဧက ၁၀၀ ကို မုံရွာမြို့၊ အကျဉ်းဦးစီးဌာနမှ ပုဂ္ဂလိက သစ်မာစိုက်ခင်းတည်ထောင်ရန် လုပ်ထုံး လုပ်နည်းနှင့်အညီခွင့်ပြုခဲ့ပြီးတော့ တင်ဝင်းထွန်းကုမ္ပဏီကို လက်ရှိလုပ်ကိုင်ခွင့်ရ ဧက ၃၁၀၀ ထဲက နေပြီးတော့ နှစ် ၃၀ စာချုပ်ကိုပြင်ဆင်ပြီးတော့ ၂၅-၃-၂၀၀၉ ကနေပြီးတော့ ၂၄-၃-၂၀၃၉ နှစ်ပေါင်း ၃၀ စာချုပ်ကို ချုပ်ဆိုပြီးတော့ စိုက်ပျိုးခွင့်ပြုခဲ့ပါတယ်။

တင်ဝင်းထွန်းကုမ္ပဏီအနေနဲ့ လုပ်ပိုင်ခွင့်ရဧရိယာအတွက် နှစ်စဉ်မြေငှားရမ်းခ မှန်မှန်ပေးသွင်းပြီးတော့ စာချုပ်ပါစည်းကမ်းချက်များအရ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ကြက်ဆူပင်များကြားမှာ သရက်နှင့်စပ်မျိုး ယူကလစ်ပင်များကိုစိုက်ပျိုးခဲ့ရာ လက်ရှိအခြေအနေအရ ကုမ္ပဏီကနေပြီးတော့ မူလစိုက်ပျိုးထားတဲ့ ကြက်ဆူပင်များဟာ ယာသမားများ ကျူးကျော်ဆောင်ရွက်မှုများကြောင့်မတွေ့ရတော့ဘဲ တွဲဖက်စိုက်ပျိုးထားတဲ့ သရက်နှင့်စပ်မျိုးယူကလစ်ပင်များကတော့ ဧက ၂၀၀ လောက်ကျန်ကြောင်းကို ကျွန်တော်တို့တွေ့ရှိခဲ့ရပါတယ်။

ကြက်ဆူစီမံကိန်းစတင်ချိန်မှာ ပေါက်အင်းတောင်ကြိုးဝိုင်းအတွင်းမှာ တရားမဝင်ကျူးကျော်တောင်သူ ၅၀ ဦးခန့်ကနေပြီးတော့ ကျူးကျော်ယာ ၄၀၀ ဧကရှိပါတယ်။ ကုမ္ပဏီကနေပြီးတော့ တင်ပြပါတောင်သူများကို တည်ဆဲဥပဒေအရ ဖယ်ရှားခြင်းမပြုခဲ့ဘဲ အကျိုးတူပူးပေါင်းပြီး မူလတောင်သူများနှင့် အလုပ်သမားများအား ကြက်ဆူစိုက်ပျိုးရန် မြေနေရာရှင်းလင်းပေးပါက ကြက်ဆူတန်းများကြားမှာ နှမ်း၊ ပဲစဉ်းငုံတို့ကို စိုက်ပျိုးခွင့်ပြုရာကနေပြီးတော့ ကျူးကျော်တောင်သူဦးရေတဖြည်းဖြည်းများပြားလာပါတယ်။ နောက်ပိုင်းမှာ ကုမ္ပဏီကဆောင်ရွက်တဲ့လုပ်ငန်းများကို တချို့တောင်သူများက ဝင်ရောက်တားမြစ်ခြင်း၊ စိုက်ပျိုးပင်များ ဖျက်ဆီးခြင်း၊ အုပ်စုဖွဲ့ကာဆန့်ကျင်လာခြင်းနှင့် ၎င်းတို့လုပ်ကိုင်တဲ့ယာများကို ၎င်းတို့ ပိုင်ဆိုင်ပြီး ဦးပိုင်ရရှိရေးကို ဆောင်ရွက်လာတဲ့အတွက်ကြောင့်မို့လို့ ကုမ္ပဏီနှင့်တောင်သူများအကြား ပြဿနာကြီးထွားလာပြီးတော့ ကနီမြို့နယ်ကနေပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ပူးပေါင်းပြီးတော့ ၉-၁၂-၂၀၁၁ ရက်နေ့ကနေပြီးတော့ ၁၅-၁၂-၂၀၁၁ ရက်နေ့အထိ ကွင်းဆင်းစစ်ဆေးပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများကို စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများကို တင်ပြခဲ့သော်လည်း လမ်းညွှန်မှုတစ်စုံတစ်ရာကို မရရှိခဲ့ပါ။

ကနီမြို့နယ်မြေစာရင်းဦးစီးဌာနမှ ၂၀၁၁ ခုနှစ်မှာ တင်ဝင်းထွန်းကုမ္ပဏီဧရိယာအတွင်းလုပ်ကိုင်ဆောင်ရွက်နေတဲ့ တောင်သူများကို စာရင်းကောက်ယူချက်အရ တောင်သူ ၂၅၈ ဦးဟာ ဧရိယာ ၂၂၈၈.၅၂ ဧကရှိပြီးတော့ မုံရွာ-ကလေးဝ-ယာကြီးလမ်းနဲ့ မိုင်တိုင်(၂၉/၄ ကနေပြီးတော့ မိုင်တိုင်(၃၃/၂) အကြား လမ်းဘေးဝဲ/ယာမှာ အဲဒီစိုက်ခင်းများတည်ရှိပါတယ်။

၂၀၁၃ ခုနှစ်၊ နိုင်ငံတော်သမ္မတရဲ့လမ်းညွှန်မှုအရ ကြိုးဝိုင်းအတွင်းမှာ နှစ်ရှည်ကာလကြာစွာအခြေချနေထိုင်ခဲ့သူများစာရင်းကောက်ယူစဉ်က တင်ဝင်းထွန်းကုမ္ပဏီရဲ့ နှစ် ၃၀ မြေငှားစာချုပ်ချုပ်ဆိုထားတဲ့ ကြက်ဆူစိုက်ခင်းတည်ထောင်တဲ့ ဧရိယာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၎င်းဧရိယာအတွင်း လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့ ယာအားလုံးကို စာရင်းကောက်ယူခြင်းမရှိခဲ့ပါဘူး။ ကုမ္ပဏီအနေနဲ့ကြက်ဆူစိုက်ပျိုးခွင့်ရ ဧရိယာဖြစ်သော်လည်း ကျူးကျော်တောင်သူများနှင့် ဖြစ်ပွားခဲ့တဲ့ပြဿနာများကို ကုမ္ပဏီကပင်တာဝန်ယူပြီးတော့ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ ကနီမြို့နယ်၊ ပေါက်အင်းတောင်ကြိုးဝိုင်းအတွင်းမှာ အကျဉ်းဦးစီးဌာနရဲ့ ပုဂ္ဂလိကသစ်မာစိုက်ခင်း ၁၀၀ ဧကနှင့် တင်ဝင်းထွန်းကုမ္ပဏီရဲ့ ကြက်ဆူနှင့်သီးနှံရောနှောစိုက်ပျိုးမြေ ၃၁၀၀

ဧကမှာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းတကျ တရားဝင်ခွင့်ပြုခဲ့ပြီးတဲ့အတွက် ကြောင့်မို့ ကုမ္ပဏီရဲ့ကြက်ဆူစိုက်ပျိုးခွင့်ရ ဧရိယာအတွင်း ကျူးကျော်တောင်သူလုပ်ကိုင်ခြင်းနှင့် ပတ်သက်ပြီးတော့ ကုမ္ပဏီမှ အမှန်တကယ်စိုက်ပျိုးနိုင်မယ့် မြေဧရိယာ(ဧက)၊ ကျူးကျော်ဧရိယာများ စာရင်းနှင့် ၎င်းကျူးကျော်ဧရိယာများကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအဖြစ်စည်းရုံး နိုင်မယ့်အခြေအနေများကို ကွင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ဆက်လက်ပြီးဖြေကြား ပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ် သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောဧရိယာ စုစုပေါင်း ၃၈၅၂၆၇ ဧရိယာဧက တည်ထောင်ထားရှိပြီးတော့ တပ်/အခြားမြေအသုံးချမှုအတွက် ပယ်ဖျက်ပေးခဲ့တဲ့ ဧရိယာကတော့ ၄၈၁၄၀.၁၃ ဧကဖြစ်ပါတယ်။ ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်တဲ့အတွက် ခွင့်ပြုခဲ့တဲ့ဧရိယာကတော့ ၆၇၀ ဧကဖြစ်ပါတယ်။ ကျူးကျော်(လယ်/ယာ/ အခြားမြေ)အသုံးချမှုကတော့ ၁၀၅၀၉.၇၂ ဧကနှင့် ရော်ဘာ/ကြံနှင့် အခြားသီးနှံစိုက်ပျိုးတဲ့ဧရိယာ ကတော့ ၃၂၀၀ ဧကဖြစ်ပါတယ်။

ကနီမြို့နယ်၊ ပေါက်အင်းတောင်ကြိုးဝိုင်းကို ၃၀-၉-၁၉၂၇ ရက်စွဲပါစာအမှတ်၊ ၂၄၆ နှင့် စတင်ဖွဲ့စည်းပြီးတော့ ဧရိယာအားဖြင့်ကတော့ ၂၉၆၅၈ ဧက ဖြစ်ပါတယ်။ ဆိုင်ရာဆိုင်ခွင့်များအနေနဲ့ ကြိုးဝိုင်းအတွင်းမှာ ဖြတ်သန်းသွားလာခွင့်သာ ခွင့်ပြုပြီးတော့ အခြားအခွင့်အရေးများကို ပေးအပ် ထားခြင်းမရှိပါကြောင်း တွေ့ရပါတယ်။ ပေါက်အင်းတောင်ကြိုးဝိုင်းအတွင်းမှာ ကျူးကျော်လုပ်ကိုင် သူများဟာ ၁၉၉၈-၁၉၉၉ ခုနှစ်ကစပြီးတော့ ဝင်ရောက်ခုတ်ထွင်ရှင်းလင်းစားသောက်သူများ ဖြစ်ကြောင်းကိုလည်းသိရှိရပါတယ်။

Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ပြည်သူလူထုရဲ့လူမှုစီးပွားရေးနှင့်လူမှုရေး၊ စားဝတ်နေရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် သစ်တောကြိုးဝိုင်း နှင့် ကြိုးပြင်ကာကွယ်တောများအတွင်းမှာ နှစ်ကာလအတိုင်းအတာတစ်ခုအနေနဲ့ ကျူးကျော်အခြေချ တဲ့ရွာစု၊ အိမ်ထောင်စုများကို သစ်တောမြေအဖြစ်မှပယ်ဖျက်ပေးရန် တိုင်းဒေသကြီး/ပြည်နယ် အစိုးရ အဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့ ပါဝင်တဲ့ မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်များမှာ ကြီးကြပ်မှု

ကော်မတီအဆင့်ဆင့်ဖြင့် ၂၀-၂-၂၀၁၃ ရက်နေ့ကနေပြီးတော့ ၂၅-၃-၂၀၁၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းစဉ်များကို ကျွန်တော်တင်ပြရမယ်ဆိုလို့ရှိရင် (က) အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက်/အမည်မပေါက်ရွာများ၏ ရွာမြေ၊ လယ်မြေ၊ သာသနာ/အများပိုင်မြေများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်း၊ (ခ) အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်ပေါက်ကျေးရွာများနှင့် အမည်မပေါက်သော်လည်းပဲ အခိုင်အမာတည်ထောင်ထားပြီးဖြစ်တဲ့ကျေးရွာများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးခြင်း၊ (ဂ) အိမ်ခြေ ၅၀ နှင့်အောက် ပြန့်ကျဲအိမ်စုများနှင့် ပြင်ပမှကျူးကျော်သည့် ရွာမြေ၊ လယ်မြေများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်းများကို ကျွန်တော်တို့ဆောင်ရွက်ခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ပေါက်အင်းတောင်ကြိုးဝိုင်းမှာရှိတဲ့ လက်ရှိဧရိယာကတော့ ၂၉၆၅၈ ဧကဖြစ်ပြီးတော့ ပုဂ္ဂလိကသစ်မာစိုက်ခင်းတည်ထောင်ခွင့်ပြုတဲ့ ဧရိယာကတော့ ၆၇၀ ဧက၊ တင်ဝင်းထွန်းကုမ္ပဏီရဲ့ ကြက်ဆူစိုက်ဧရိယာ ၃၁၀၀ ဧက၊ ပုဂ္ဂလိက သစ်မာစိုက်ခင်း ၁၀၀ ဧက၊ အိမ်ခြေ ၅၀ အောက် ပြန့်ကျဲနေတဲ့ အိမ်စု/ရွာစုကျေးရွာဧရိယာကတော့ ၁.၃၁ ဧကနှင့် ကြိုးဝိုင်းအတွင်းနေထိုင်မှုမရှိသော်လည်းဘဲ နီးစပ်ရာကျေးရွာများမှာ ဝင်ရောက်ကျူးကျော်ယာကတော့ ၂၆၁၉.၂ ဧက ရှိပါတယ်။ အိမ်ခြေ ၅၀ အောက် ပြန့်ကျဲနေတဲ့ အိမ်စု/ရွာစုများကို သစ်တောမြေမှပယ်ဖျက်ပေးမယ့်အဆင့်တွင် ကျေးရွာဧရိယာ ၁.၃၁ ဧကအား ပယ်ဖျက်ပေးမှာဖြစ်ပြီး ယာမြေ ၂၆၁၉.၂ ဧကကိုတော့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ တည်ထောင်ပေးမှာဖြစ်ပါတယ်။

ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့အတိုင်းပါပဲ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ် ပေါက်အင်းတောင်ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်းမှာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ကျေးရွာအမည်ပေါက်မပေါက်သော်လည်းပဲ ရွှေပြည်သာကျေးရွာ၊ ပြောင်းပြန်ကျေးရွာ၊ အင်တိုင်းတောကျေးရွာနှင့်ပေါက်အင်းတောင်ကျေးရွာစတဲ့ ကျေးရွာလေးရွာမှာဖြင့်ပါဝင်ပြီးတော့ ရွှေပြည်သာကျေးရွာမှာ အိမ်ခြေ ၄၉ အိမ်၊ အ.မ.က ကျောင်းတစ်ကျောင်း၊ ပြောင်းပြန်ကျေးရွာမှာ အိမ်ခြေ ၂၆ အိမ်၊ အ.မ.က(ခွဲ)တစ်ကျောင်း၊ အင်တိုင်းတောကျေးရွာမှာ အိမ်ခြေ ၂၄၅ အိမ်၊ အ.လ.က (ခွဲ)တစ်ကျောင်း၊ ပေါက်အင်းမြိုင်ကျေးရွာမှာ အိမ်ခြေ ၁၀၅ အိမ်၊ မူလတန်း(လွန်)တစ်ကျောင်း ပါဝင်ကြောင်းသိရှိရပါတယ်။

**မူကြမ်း**

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်မှာကျင်းပတဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီရဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၅) ဆုံးဖြတ်ချက်အရ သစ်တောမြေမှ ပယ်ဖျက်ပေးတဲ့ကျေးရွာများကို ပြည်ထဲရေးအမည်ပေါက်ရေး သေချာစွာစိစစ်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ နိုင်ငံတော်သမ္မတရုံးကို တင်ပြဆောင်ရွက်သွားရန် ဆုံးဖြတ်ထားပါတယ်။

သို့ပါ၍လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ဒုတိယပိုင်းမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ကနီမြို့နယ်အတွင်း သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများအတွင်းမှာ နှစ်ကာလအတိုင်းအတာတစ်ခုအထိ ကျူးကျော်အခြေချနေထိုင်ခဲ့တဲ့ ရာစုနှင့်အိမ်ထောင်စုများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးသည့် အဆင့်များအတိုင်း ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေများကို သစ်တောမြေကအဆင့်ဆင့်ပယ်ဖျက်ပေးမည်ဖြစ်ပါကြောင်းကို ထိုသို့ပယ်ဖျက်ပြီးပါက ပြည်ထဲရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့အနေနဲ့ မြို့၊ ရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ တစ်ဆက်တည်းမေးခွင့်ပြုပါခင်ဗျား။ ဝန်ကြီး ကိုယ်တိုင်လာဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်တစ်ခု ဝန်ကြီးက ခုနကပြောတဲ့ ၃၀ ဂရန်ချထားမှုမှာ ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့ညီတယ်လို့ ဖြေသွားတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သစ်တော်ဥပဒေပုဒ်မ ၁၂ မှာ မည်သူမဆို သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲလျက်ရှိသော မြေအတွင်း (က) ဖွံ့ဖြိုးရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်းလုပ်ငန်း တစ်ရပ်ရပ်ကိုလုပ်ကိုင် ဆောင်ရွက်လိုလျှင် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမယ်လို့ ပါပါတယ်။ ကြိုတင်ရယူရမယ်လို့ အတိအလင်းရေးထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီစာချုပ်ထဲမှာကိုပဲ ဖော်ပြထားတာက ကြက်ဆူတွေကို ၃၂၀ ဧကလုံးလုံး စိုက်ပြီးလို့ ချပေးတယ်လို့ မညီမညွတ်ဖော်ပြထားတာ ရှိပါတယ်။ နောက်တစ်ခုက အဲဒီစည်းကမ်းချက် နံပါတ်(၅)မှာပဲ ကြက်ဆူစိုက်ပျိုးရန် ခွင့်ပြုသည့်အမြေအတွက် အခြားသီးနှံပင်များ ပြောင်းလဲစိုက်ပျိုးရန် မပြုရလို့ အတိအလင်းပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီသစ်တောဥပဒေနဲ့

လုံး၀ညီညွတ်တဲ့စာချုပ်မဟုတ်တဲ့အပြင် စာချုပ်ထဲမှာပါတဲ့ စည်းကမ်းချက်တွေနဲ့လည်း ကိုက်ညီမှု မရှိပါဘူး။ အဲဒီတော့ စည်းကမ်းချက်နံပါတ်(၁၄)မှာ ဖော်ပြပါစည်းကမ်းချက်တစ်စုံတစ်ရာကို ချိုးဖောက်ပါက စာချုပ်အားဖျက်သိမ်း၍ မြေကိုသိမ်းယူခြင်းခံရမည်လို့ ရေးထားတာရှိပါတယ်။ အဲဒီတော့ ဒီလို အရင်တုန်းက ပေါက်ကရစီမံကိန်းကို ဂရန်ချထားမှုကို တရားဝင်အသက်သွင်းဖို့ ပုံစံမျိုး သက်ရောက်တဲ့အဖြေမျိုးတွေကိုတော့ ကျွန်တော်တို့ မဖြစ်စေချင်ပါဘူး။ အဲဒါကိုတော့ တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုတိုနှင့်လိုရင်းပဲ ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ ဒါနဲ့ပတ်သက်ပြီးတော့ မှန်ပါတယ်။ ခုနက ဦးတင်ဝင်းထွန်းရဲ့ကြက်ဆူစိုက်ခင်းနှင့် ပတ်သက်ပြီးတော့ ဒီဥပဒေပါအတိုင်းမှန်ပါတယ်။ သို့သော်လည်းပဲ ခုနက အဲဒီမူလစာချုပ်ထဲမှာပါတဲ့ အပင်အပြင် တခြားအပင်စိုက်တာဟာဖြင့် ပြီးခဲ့တဲ့ ကျွန်တော်ခုနက ရှင်းလင်းပြတဲ့အတိုင်းပဲ ယခင် အစိုးရလက်ထက်က စိုက်ထားတဲ့အပင်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က အပင်များလည်း ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီဟာကို ကျွန်တော်တို့က အခု ဒါတွေကို စာရင်းပြန်ပြီးတော့ ကောက်ပြီး ယူနေပါတယ်။ တကယ်တမ်းတော့ မှန်ပါတယ်။ မူလသတ်မှတ်ထားတဲ့ အပင်ကလွဲပြီးတခြားဘာမှ စိုက်ပျိုးခွင့်မရှိပါဘူး။ သို့သော်ယခင်တုန်းက ယခင်အစိုးရလက်ထပ်က သူ့နည်းသူ့ဟန်နဲ့ခွင့်ပြုခဲ့တဲ့ ဟာမို့လို့ ကျွန်တော်တို့အနေနဲ့ကတော့ စာရင်းကောက်ယူထားတယ်။ စာရင်းနဲ့ မှတ်တမ်းတော့ တင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ခုနက (က)မှာပါတဲ့အတိုင်းပါပဲ။ တရားစွဲဆိုဖို့ အတွက်လည်းပဲ ဒါကိုလည်းပဲ တရားစွဲဆိုခွင့်ရှိမယ်။ လုပ်လို့ရမယ်ဆိုလို့ရှိရင် တရားစွဲဆိုလုပ်ကိုင်မည်ဖြစ်ပါကြောင်းကို တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များမေးတဲ့မေးခွန်းကို ဝန်ကြီးဌာနအနေနဲ့ ပြည့်ပြည့်စုံစုံ ဖြေကြားပေးတာတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ မေးခွန်းကိုဖြေကြားတဲ့အခါမှာ ယေဘုယျ လွှမ်းခြုံပြီး ဖြေကြားမည့်အစား ကိုယ်စားလှယ်မေးတဲ့ မေးခွန်းကို ထိထိရောက်ရောက်နဲ့ လိုရင်းတိုရှင်း ဖြေကြား ပေးဖို့တော့ ဝန်ကြီးဌာနများကို အသိပေးစေလိုပါတယ်။

**တောင်ကုတ်မြို့နယ်၊ သချိုက်ကိုင်းကျေးရွာအုပ်စု၊ နေပူတောင်ဒေသ၊ ကွင်းအမှတ်(၅၂)၊ ကြေးတိုင် ပြင်ကွင်းတောရိုင်းမြေ(၅၈၅.၇၂) ဧကရှိ မြေနေရာကို မာဘယ်(လ်) အလှဆင်ကျောက်(အကြီးစား) တူးဖော်ထုတ်လုပ်ခြင်းစီမံကိန်းအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံ Simco Song Da Joint-Stock Co. Ltd တို့ စာချုပ်ချုပ်ဆိုခဲ့ကြသော စာချုပ်ပါသဘောတူညီချက်များအား ပြည်သူ များသိရှိစေရန် ပွင့်လင်းမြင်သာစွာချပြနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ဖြစ်ပါတယ်။ ကျွန်မမေးမြန်း လိုတာကတော့ ကျွန်မမဲဆန္ဒနယ်ဖြစ်တဲ့ တောင်ကုတ်မြို့နယ်အတွင်းမှာရှိတဲ့ နေပူတောင်မှထွက်ရှိတဲ့ မာဘယ်(လ်) အလှဆင်ကျောက် ထုတ်လုပ်တဲ့လုပ်ငန်းနှင့်ပတ်သက်ပြီးတော့ ဒေသခံတွေရဲ့ အကျိုး ခံစားခွင့်ကို ပွင့်လင်းမြင်သာစွာ သိရှိလိုတဲ့အတွက် မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ နေပူတောင်အခြေအနေကို အားလုံးမြင်သာအောင်အတွက် Power Point ဖြင့်အသုံးပြုခွင့်ပေးပါရှင်။

ဥက္ကဋ္ဌကြီးရှင့်။ နေပူတောင်ဟာဆိုရင် တောင်ကုတ်မြို့ကနေပြီးတော့ ပြည်-တောင်ကုတ်လမ်း ၂၉ မိုင် ၄ ဖာလုံဝေးတဲ့နေရာမှာ တည်ရှိပါတယ်။ ဒီနေပူတောင်ကနေပြီးတော့ မာဘယ်(လ်) ကျောက်ထုတ်လုပ်မှုစီမံကိန်းကို ၁၆-၃-၂၀၁၂ ရက်နေ့မှာ သတ္တုတွင်းဝန်ကြီးဌာနနဲ့ ဗီယက်နမ်နိုင်ငံ Simco Song Da Joint-Stock Co.Ltd တို့ဟာ နှစ်ပေါင်း ၂၀ စာချုပ်ချုပ်ဆိုခဲ့တယ်လို့ သိရှိရ ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ဒေသခံပြည်သူတွေက စာချုပ်ကို ဘယ်လိုအချက်အလက်တွေနဲ့ ချုပ်ဆိုခဲ့ တယ်ဆိုတာကို ဒီနေ့ထက်ထိ ဂဃနဏမသိရပါဘူး။ နောက်ပြီးတော့ ကုမ္ပဏီနဲ့ အစိုးရအနေနဲ့လည်း ရရှိတဲ့အကျိုးအမြတ်ကို ဘယ်လိုအချိုးအစားတွေနဲ့ ခွဲဝေရရှိတယ်ဆိုတာကိုလည်း တိတိကျကျ သိရှိရ ခြင်းမရှိပါဘူး။ ပြည်သူများမှာလည်း မိမိတို့ဒေသမှထွက်ရှိတဲ့အဖိုးတန် နေပူတောင်ကို မာဘယ်(လ်) ကျောက်ထုတ်လုပ်ရန်အတွက် ဗီယက်နမ်ကုမ္ပဏီတစ်ခုက ငှားရမ်းလိုက်တဲ့အပေါ်မှာ ပွင့်လင်းမြင်သာ မှုမရှိတဲ့အတွက် ဒေသခံပြည်သူ ၅၀၀၀ ခန့်ကလည်း ၂၀၁၃ ခုနှစ်မှာ ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှာ နေပူတောင်စီမံကိန်းနဲ့ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ် သတ္တုတွင်းဝန်ကြီးဟောင်း ဦးအောင်သန်းတင်နဲ့ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီးဟောင်း

ဒေါက်တာအောင်ကျော်မင်းတို့က နေပူတောင်ရှိ မာဘယ်(လ်)ကျောက်နဲ့ပတ်သက်ပြီးတော့ ဗီယက်နမ်ကုမ္ပဏီတစ်ခုနဲ့ စာချုပ်ချုပ်ဆိုထားကြောင်းနဲ့ ပြည်ထောင်စုအစိုးရအဆင့်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနနဲ့ စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ ဒေသခံပြည်သူများမှာ မည်သို့မည်ပုံစာချုပ်ချုပ်ဆိုထားသည်နှင့် မိမိတို့ဒေသမှထွက်ရှိတဲ့ သယံဇာတရဲ့ အကျိုးခံစားခွင့်ကို မရရှိတဲ့အတွက် ပြည်သူများမှာ ယနေ့ထက်ထိ မကျေမနပ် ဖြစ်နေကြပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ နေပူတောင်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနဲ့ ဂျပန်နိုင်ငံဝန်ကြီးချုပ် တာရာကာလက်ထက်မှာ ကျောက်ရဲ့ လေးပုံပုံတစ်ပုံကို ဒေါ်လာသန်း ၉၀၀၀ ဖြင့် ရောင်းချရန်စာချုပ်ချုပ်ဆိုခဲ့ပြီး နောက်ပိုင်းမှာ ပျယ်ပြယ်သွားခဲ့ကြောင်းကိုလည်း သိရှိရပါတယ်။ ထိုခေတ်ကပင် မာဘယ်(လ်) ကျောက်ရဲ့တန်ဖိုးမှာ တစ်ကုဗမီတာကို မြန်မာငွေ ၁၂၉၀ ကျပ်နဲ့ ၄၀ ပြား နှုန်းဖြင့် တွက်ချက်လို့ရှိရင် ကျောက်ရဲ့လေးပုံတစ်ပုံ ကျောက်ပုံရဲ့လေးပုံတစ်ပုံတန်ဖိုးမှာ ဒေါ်လာသန်း ၉၀၀၀ ရှိတယ်လို့ သိရှိရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် မာဘယ်(လ်) ကျောက်ရဲ့တန်ဖိုးမှာ ဒီနေ့ခေတ်နဲ့ဆိုရင် ပိုပြီးတော့ တန်ဖိုးရှိမှာ သေချာပါတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်မှာ ဖွံ့ဖြိုးမှုနိမ့်ကျပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ မြို့နယ်ဖြစ်တဲ့အလျောက် မိမိတို့မြို့နယ်မှာ အမှန်တကယ်လိုအပ်ပြီးတော့ မိမိတို့နိုင်ငံအတွက်လည်း အကျိုးရှိပြီးတော့ ဒေသခံတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းကို ရရှိရန်လုပ်ငန်းလည်း ဖြစ်ဖို့လိုအပ်ပါတယ်။ ယခင်က ပွင့်လင်းမြင်သာမှု မရှိခဲ့ခြင်းကြောင့် ဒေသခံတို့မှာ နေပူတောင်မှ မာဘယ်(လ်)ကျောက်ထုတ်လုပ်တဲ့လုပ်ငန်းအပေါ်မှာ သံသယနဲ့ စိုးရိမ်စိတ်တွေဟာ ယနေ့ထက်ထိ ရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူလူထုကိုယ်စား မေးမြန်းလိုသည်မှာ တောင်ကုတ်မြို့နယ်၊ သချီကိုင်းကျေးရွာအုပ်စု၊ နေပူတောင်ဒေသ၊ ကွင်းအမှတ်(၅၂)၊ ကြေးတိုင်ပြင်ကွင်းတောရိုင်းမြေ(၅၈၅.၇၂) ဧကရှိ မြေနေရာကို မာဘယ်(လ်) အလှဆင်ကျောက်(အကြီးစား) တူးဖော်ထုတ်လုပ်ခြင်းစီမံကိန်းအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံ Simco Song Da Joint-Stock Co. Ltd တို့ဟာ စာချုပ်ချုပ်ဆိုခဲ့ကြသော စာချုပ်ပါ သဘောတူညီချက်များအား အများပြည်သူသိရှိစေရန် ပွင့်လင်းမြင်သာစွာချပြနိုင်ခြင်းရှိ/မရှိကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် တောင်ကုတ်မြို့နယ်၊ သဏ္ဍိုကိုင်းကျေးရွာအုပ်စု၊ နေပူတောင်ဒေသ၊ ကွင်းအမှတ် ၅၂၊ ကြေးတိုင်ပြင်ကွင်း တောရိုင်းမြေ(၅၈၅.၇၂)ဧကရှိမြေနေရာမှာ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် ဗီယက်နမ်နိုင်ငံ Simco Song Da Joint-Stock Co. Ltd တို့ စာချုပ်ချုပ်ဆို၍ ခွဲဝေခံစားတဲ့စနစ်နဲ့ မာဘယ်(လ်)အလှဆင်ကျောက်(အကြီးစား) တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအပေါ် ဒေသခံပြည်သူ များရဲ့ အကျိုးခံစားခွင့်ကို သိရှိလိုပါ၍ ထိုစီမံကိန်းအတွက်ချုပ်ဆိုခဲ့တဲ့ စာချုပ်ပါသဘောတူညီချက် များကို အများပြည်သူသိရှိရန် ပွင့်လင်းမြင်သာစွာချပြနိုင်ခြင်းရှိ/မရှိ၊ ရှိမည်ဆိုပါက မည်သည့်အချက် များပါဝင်သည်ကို၊ မရှိဆိုပါက အဘယ်ကြောင့်ဖြစ်သည်ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်လို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့်အမှတ်၊ ၄၇၀/၂၀၁၂ (၁၂-၃-၂၀၁၂)နဲ့ ယခင်သတ္တုတွင်းဝန်ကြီး ဌာနရဲ့ ခတ်သတ္တုအကြီးစား ထုတ်လုပ်ရန်ခွင့်ပြုမိန့်အမှတ်၊ ၀၀၀၁/၂၀၁၂ (၁၆-၃-၂၀၁၂)အရ ဗီယက်နမ်နိုင်ငံ Myanmar Simco song Da Joint Stock Co.,Ltd.(MYSICO)ဟာ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ နေပူတောင်ဒေသမှာ နှစ်ဦးနှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှုကို အခြေခံပြီးတော့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့စနစ်နဲ့ မာဘယ်(လ်)အလှဆင် ကျောက်အကြီးစား ထုတ်လုပ်မှုလုပ်ငန်းကို ၁၆-၃-၂၀၁၂ ရက်နေ့က ယခင် အမှတ်(၃)သတ္တုတွင်းလုပ်ငန်းနဲ့ စာချုပ်ချုပ် ဆိုခဲ့ပြီးတော့ သတ္တုတွင်းထူထောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၅-၁-၂၀၁၅ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅)အရ သဘောတူ ဆုံးဖြတ်ချက်အရ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းများကို ဖျက်သိမ်းပြီးတော့ အမှတ်(၁)သတ္တုတွင်း လုပ်ငန်းအောက်သို့ သွတ်သွင်းခဲ့တဲ့အတွက်ကြောင့်မို့လို့ ယခုအချိန်မှာတော့ အမှတ်(၁)သတ္တုတွင်း ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

စာချုပ်ပါ အရေးကြီးတဲ့အချက်အလက်များက တော့ အောက်ပါအတိုင်းဖြစ်ပါတယ်။ (က) လုပ်ငန်းတည်နေရာ၊ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ နေပူတောင်ဒေသ၊ (ခ) စီမံကိန်းဧရိယာ ၅၈၇.၅၂ ဧက၊ (ဂ) ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၁၈.၁၄၇ သန်း၊ (ဃ)စာချုပ် သက်တမ်း၊ ၁၆-၃-၂၀၁၂ ရက်နေ့ပြီးတော့ ၁၅-၃-၂၀၃၂ ရက်နေ့ အထိ နှစ် ၂၀၊ (င)

**မူကြမ်း**

လက်မှတ်ရေးထိုးမှုဆုကြေးငွေ၊ စာချုပ်ချုပ်စဉ် လက်မှတ်ရေးထိုးမှုအတွက် ပြန်အမ်းရန်မလိုတဲ့ လက်မှတ်ရေးထိုးမှု ဆုကြေးငွေအမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို နိုင်ငံတော်ကို ပေးသွင်းပြီးဖြစ်ပါတယ်။ (စ) အာမခံစပေါ်ငွေထားရှိမှုအခြေအနေ လုပ်ငန်းသဘောတူစာချုပ်အပိုဒ် ၁၇-၁၊ ၁၇-၃ နှင့် ၁၇-၄ အရ MYSICO ဟာ Bank for Investment and Development of Vietnam(Ha Tay Branch) Ha Ta Vn ကနေပြီးတော့တစ်ဆင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှာ အာမခံစပေါ်ငွေ အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ကို ၁၁-၇-၂၀၁၈ မှာ ထားရှိပြီးဖြစ်ပါတယ်။ (ဆ) ပုံသေမြေငှားခ-မြန်မာနိုင်ငံသတ္တုတွင်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ထုထောင်မှု တစ်နှစ်လျှင် တစ်စတုရန်းကီလိုမီတာအတွက်ကို ၁၄ သိန်းတိတိ၊ ထုတ်လုပ်မှုတစ်နှစ်အတွက် တစ်စတုရန်းကီလိုမီတာမှာ သိန်း ၂၀ တိတိကို ကုမ္ပဏီက နှစ်စဉ်ပေးသွင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ (ဇ) စက်ယန္တရားများနဲ့ ပစ္စည်းများတင်သွင်းခြင်း။ ထုတ်လုပ်မှုလုပ်ငန်းမှာအသုံးပြုမယ့် စက်ယန္တရားများ၊ ပစ္စည်းများတင်သွင်းရာမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံရဲ့ လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပါတယ်။ တင်သွင်းလာတဲ့ စက်ယန္တရားများ၊ ပစ္စည်းကိရိယာများနှင့် စက်အရန်ပစ္စည်းများမှာ စာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းပိုင်ပစ္စည်းများ ဖြစ်လာပါမယ်။ (ဈ) ထုထောင်မှုကာလ။ ကုမ္ပဏီရဲ့ ထုထောင်မှုကာလကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ၊ နည်းဥပဒေ ၆၀ နှင့် ၆၁ အရ ပထမအကြိမ် အဖြစ် ၁၂-၁၁-၂၀၁၃ ရက်မှ ၁၁-၉-၂၀၁၄ ရက်နေ့ထိ လည်းကောင်း၊ ဒုတိယအကြိမ် ၁၁-၉-၂၀၁၄ မှ၁၂-၇-၂၀၁၅ ထိလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ် နှံမှုကော်မရှင်က တိုးမြှင့်ခွင့်ပြုပြီးတော့ ၁၂-၇-၂၀၁၅ ရက်နေ့မှနေပြီးတော့ စီးပွားဖြစ်စတင်တဲ့နေ့အဖြစ် သတ်မှတ်အတည်ပြုခဲ့ပါတယ်။ ထုတ်လုပ်မှုအပေါ်မှာ ခွဲဝေခံစားခြင်းနှင့် ခတ်သတ္တုခွန်နှင့် ပတ်သက်ပြီးတော့ မာဘယ်(လ်) အလှဆင်ကျောက်ထုတ်လုပ်မှုလုပ်ငန်းမှ ထွက်ရှိလာတဲ့လုပ်ငန်းရဲ့ သုံးရာခိုင်နှုန်းကို ခတ်သတ္တုခွန် ပေးဆောင်စေပြီး နောက်နှစ်ဖက်စာချုပ်များမှာ ထုတ်လုပ်မှုအပေါ်မှာ ခွဲဝေခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ (၁) မာဘယ်(လ်)ကျောက်တစ်ကုဗမီတာ ရောင်းဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၆၄၉ ဒေါ်လာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၆၄၉ ဒေါ်လာ အောက်ဖြစ်ပါက အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ၂၀ ရာခိုင်နှုန်း၊ MYSICO မှ ၈၀ ရာခိုင်နှုန်း၊ (၂) မာဘယ်(လ်)ကျောက် တစ်ကုဗမီတာရောင်းဈေးဟာ အမေရိကန်ဒေါ်လာ ၆၅၀ နဲ့ ၇၄၉ အတွင်း ဖြစ်ပါက အမှတ်(၁)သတ္တုတွင်းမှ ၂၅ ရာခိုင်နှုန်း၊ MYSICO မှ ၇၅ ရာခိုင်နှုန်း၊ (၃) မာဘယ်(လ်)

ကျောက်တစ်ကုဗမီတာရောင်းဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၇၅၀ နှင့်အထက်ဖြစ်ပါက အမှတ်(၁) သတ္တုတွင်းမှ ၃၀ ရာခိုင်နှုန်းနှင့် MYSICO မှ ၇၀ ရာခိုင်နှုန်းဖြစ်ပါတယ်။

ထုတ်ကုန်ပစ္စည်းရောင်းချခြင်းနှင့် ပတ်သက်ပြီးတော့ လုပ်ငန်းစီမံကိန်းက ထုတ်လာတဲ့ မာဘယ်(လ်)ကျောက်အားလုံးကို ပြည်ပသို့တင်ပို့ပြီး ကမ္ဘာ့ဈေးကွက်မှာဖြစ်ပေါ်နေတဲ့ပေါက်ဈေးအရ အမေရိကန်ဒေါ်လာ သို့မဟုတ် ယူရိုဖြင့်သာ ရောင်းချခွင့်ရှိပါတယ်။ လုပ်ငန်းကြီးကြပ်ရေး ကိုယ်စားလှယ်ထားရှိမှုအနေဖြင့် ထုတ်လုပ်ရောင်းချမှုလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နိုင်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းဝန်ကြီးဌာနရှိ လုပ်ကွက် ကြီးကြပ်ရေးကိုယ်စားလှယ်တစ်ဦး အမြဲတမ်းထားရှိပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံသားများအလုပ်ခန့်ထားခြင်းနှင့် လေ့ကျင့်ပညာသင်ကြားခြင်းနှင့် ပတ်သက်ပြီးတော့ လုပ်ငန်းသဘောတူစာချုပ်အပိုဒ် ၁၀-၁-(၅)မှာဆိုလို့ရှိရင်တော့ လုပ်ငန်းဆောင်ရွက်ရာမှာ မြန်မာနိုင်ငံ သားများကို လုပ်ငန်းရည်ရွယ်ချက်နှင့်အညီ ခန့်ထားရာမှာ ထုတ်လုပ်မှုကာလစတင်ဆောင်ရွက်ပြီး နောက်စီမံကိန်းရဲ့ ပုံမှန်လုပ်ငန်းဆောင်ရွက်ချိန် လုပ်ငန်းသက်တမ်းကာလတစ်လျှောက်မှာ မြန်မာ အလုပ်သမားဦးရေသည် စုစုပေါင်းခန့်ထားသောဝန်ထမ်းအင်အား၏ ၇၅ ရာခိုင်နှုန်းထက်မနည်းရှိစေ ရမည်ဟူ၍လည်းကောင်း၊ အပိုဒ် ၁၀-၁-(၃) မှာလည်း စီမံကိန်းရဲ့ပုံမှန်လုပ်ငန်းဆောင်ရွက်ချိန်မှာ ပညာရှင်ဝန်ထမ်း စုစုပေါင်းအင်အား၏ ၂၀ မှ ၅၀ ရာခိုင်နှုန်းကို အမှတ်(၁)သတ္တုတွင်းမှ အဆိုပြုသည့် မြန်မာနိုင်ငံသားများသာ ခန့်ထားရမည်ဟုလည်းကောင်းပါပါတယ်။

မာဘယ်(လ်)ကျောက်၊ အလှဆင်ကျောက်လုပ်ငန်းမှာ ခန့်ထားတဲ့ဝန်ထမ်းက ၂၃ ဦးရှိပြီးတော့ မြန်မာနိုင်ငံက ၁၉ ဦးဖြစ်ကာ ၁၀ ဦးကတော့ ဒေသခံများဖြစ်ပါတယ်။ နေပူတောင် မာဘယ်(လ်) ကျောက်မှာ ပြင်ပဈေးကွက်မှာ ဈေးကွက်မရသေးတဲ့အတွက်ကြောင့်မို့လို့၊ ဝယ်ယူထားတဲ့ဝယ်လက် မရှိသေးတဲ့အတွက်ကြောင့်မို့လို့ ထုတ်လုပ်မှုကို လျှော့ထားရတဲ့အတွက်ကြောင့် မြန်မာဝန်ထမ်းများ ကိုလည်း လျှော့ပြီးခန့်ထားရခြင်းဖြစ်ပါတယ်။ ထုတ်လုပ်မှုတိုးမြှင့်လာတဲ့အချိန်မှာ မြန်မာဝန်ထမ်းများ ကို တိုးမြှင့်ပြီးတော့ ဒေသခံများကို ဦးစားပေးခန့်မှာဖြစ်ပါတယ်။

(၄)လူမှုရေးဆိုင်ရာတာဝန်ယူဆောင်ရွက်ထားရှိမှု(Corporate Social Responsibility Fund) ကိုတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ် စလူကျေးရွာမှာ သိန်း ၅၀ တန်ဖိုးရှိတဲ့ အခြေခံ ပညာမူလတန်းတိုးချဲ့စာသင်ဆောင်တစ်ခုကိုတော့ ၂၀၁၄ ခုနှစ်မှာ ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ (၅)

ထုတ်လုပ်ပြီးစီးမှု၊ ပြည်ပသို့တင်ပို့ရောင်းချမှုနှင့်ပတ်သက်ပြီးတော့ (က) ကုမ္ပဏီအနေနဲ့ ၂၀၁၄ ခုနှစ် လုပ်ငန်းစတင်ချိန်မှ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအထိ ၂၉၀၆.၉၂ ကုဗမီတာ မက်ထရစ်တန်အားဖြင့် ၇၈၄၈.၆၃ မက်ထရစ်တန်ကို ထုတ်လုပ်နိုင်ပြီးတော့ မာဘယ်(လ်)ကျောက်ရဲ့အရည်အသွေး ကောင်းမွန်မှုအားနည်းခြင်းကြောင့် ဝယ်လက်မရှိတဲ့အတွက် ၂၂၆.၇၃၅ ကုဗမီတာတန်အားဖြင့် ၆၁၂.၁၈၄၆ မက်ထရစ်တန်ကိုသာ ပြည်ပသို့ ရောင်းချနိုင်ခဲ့ပါတယ်။ (ခ) ပြည်ပသို့တင်ပို့ရောင်းချမှု မှာ သတ္တုတွင်းဦးစီးဌာနသို့ ဓာတ်သတ္တုခွန် သုံးရာခိုင်နှုန်းပေးရပါတယ်။ အမေရိကန်ဒေါ်လာအားဖြင့် ၃၂၇၈.၇၈ ရပါတယ်။ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းခွဲဝေမှုအချိုး ၂၀ ရာခိုင်နှုန်းနှင့်ညီမျှတဲ့ အမေရိကန်ဒေါ်လာ ၂၁၂၀၂.၈၂ ရရှိပြီးဖြစ်ပါတယ်။ ပုံသေမြေငှားရမ်းခစုစုပေါင်း မြန်မာငွေကျပ် ၁၃၅၈၉၇၂၀ ပေးသွင်းပြီးဖြစ်ပါတယ်။ မာဘယ်(လ်)အလှဆင်ကျောက်အကြီးစား ထုတ်လုပ်ခြင်းနှင့် လုပ်ငန်းမှရရှိတဲ့ ဓာတ်သတ္တုခွန် သုံးရာခိုင်နှုန်း၊ ခွဲဝေမှုအချိုး ၂၀ ရာခိုင်နှုန်းကို ပုံသေမြေငှားခတို့ကို နိုင်ငံတော်ကို ပေးသွင်းပြီးတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်အတွက်ရရှိတဲ့အကျိုးအမြတ်များသာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မြောက်ဦးမြို့တွင် ကွန်ကရစ်လမ်းများ ခင်းခွင့်ရှိ/မရှိ၊ ရှေးဟောင်းသုတေသနဆိုင်ရာမူဝါဒများကို ပြည်သူများသိခွင့်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဝန်ကြီးများအားလုံးကို လေးစားပါတယ်။ ကျွန်တော်က မြောက်ဦးမြို့နယ်ကပါ။ ကျွန်တော့်အနေနဲ့ မြောက်ဦးလူထုတွေ ရှေးဟောင်းသုတေသနဌာနရဲ့ မူဝါဒ များ၊ လုပ်ရပ်များနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်စိတ်တွေရှိနေပါတဲ့အတွက် မေးခွန်းသုံးခုကို မေးဖို့ဖြစ်ပါ တယ်။ မြောက်ဦးအကြောင်းကို နည်းနည်းလေးပြောပါရစေ။ မြောက်ဦးဟာ ကျွန်တော်တို့ပြည်ထောင်စု မြန်မာနိုင်ငံမှာ ဒုတိယပုဂံဆိုရင်လည်းဖြစ်ပါတယ်။ သမိုင်းတန်ဖိုး အင်မတန်ကြီးမားပါတယ်။ ကျွန်တော်တို့ ရခိုင်ဘုရင်တွေရဲ့နောက်ဆုံးမြို့တော်ဖြစ်ခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ အဲဒီ မြို့တော်ရဲ့နန်းရာကုန်းနဲ့တံတိုင်းတွေကိုပတ်ပြီးတော့ မြို့ကတည်ရှိပါတယ်။ အဲဒီမှာ မြို့ ရပ်ကွက်တွေ ထဲမှာတောင်မှ ကျွန်တော်တို့ စေတီ၊ ဘုရားပုထိုးတွေရှိပါတယ်။ နန်းရာကုန်း၊ ကျုံးတွေရှိပါတယ်။

အဲဒီတော့ မြို့တစ်မြို့လုံးဟာ ရှေးဟောင်းသုတေသနနယ်မြေနဲ့ မကင်းဘူးဆိုရင်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သာမန်ပြည်သူတွေအတွက်တော့ ရှေးဟောင်းသုတေသနရဲ့ လုပ်ထုံးလုပ်နည်းတွေ ကျွန်တော်တို့ ဥပဒေတွေ၊ မူဝါဒတွေကို သိဖို့အလှမ်းဝေးပါတယ်။ သိခွင့်လည်းမရှိပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ မသိတဲ့အတွက်ကြောင့် ဌာနဆိုင်ရာအနေနဲ့ လိုတမျိုး၊ မလိုတမျိုးလုပ်တာတွေ၊ နောက် ပွင့်လင်းမြင်သာမှုမရှိတဲ့အတွက်ကြောင့် မြို့နယ်လူထုအနေနဲ့ စိတ်သောကရောက်ရတာတွေ၊ လုံခြုံမှုကင်းမဲ့တာတွေ ဖြစ်နေပါတယ်။ အဲဒီတော့ လက်တွေ့အနေနဲ့ ပြောမယ်ဆိုရင် ဥပဒေနားလည်တတ်ကျွမ်းတဲ့ ရဲအရာရှိတစ်ယောက်နဲ့ ရှေးဟောင်းသုတေသနအရာရှိ တစ်ယောက်တို့ဟာ အဲဒီဥပဒေပိုင်းဆိုင်ရာအငြင်းပွားပြီးတော့ ရုံးပေါ်ကိုရောက်တဲ့အထိ ဖြစ်နေပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ လက်တွေ့အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်ခွင့်ပြုပေးထားတဲ့ လေးထပ်ဆောင် ခရိုင်ပြည်သူ့ဆေးရုံကြီးဟာလည်း အဲဒီရှေးဟောင်းသုတေသနရဲ့ ကန့်ကွက်ချက်ကြောင့် နှစ်ထပ်ဆောင်ဘဝကိုရောက်ခဲ့ရပါတယ်။ မြို့၊ ရွာဖွံ့ဖြိုးမှုအတွက် အများကြီး နစ်နာပါတယ်။ ပြည်သူ့ဆေးရုံရှေ့မှာရှိတဲ့ ဗွက်ထူတဲ့နေရာကိုလည်း ကျွန်တော်တို့ ကွန်ကရစ်ခင်းတာကို မြောက်ဦးမြို့ဟာ ရှေးဟောင်းသုတေသနက ကွန်ကရစ်မခင်းရဘူးဆိုပြီးတော့ ဟန့်တားတာမျိုးတွေလည်းရှိခဲ့ပါတယ်။ ချုပ်ပြီးပြောရမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူတွေ မသိနားမလည်တဲ့မူဝါဒတွေအပေါ်မှာ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ထားတဲ့အတွက်ကြောင့် လူတွေလည်းစိတ်ဆင်းရဲရတယ်။ မြို့ပြဖွံ့ဖြိုးမှုကိုလည်း အများကြီးအနှောင့်အယှက်ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီး။ အဲဒီတော့ သူတို့အနေနဲ့ ရှေးဟောင်းအမွေအနှစ်တွေ ထိန်းသိမ်းတဲ့နေရာမှာလည်း အားနည်းချက်တွေ အများကြီးထောက်ပြစရာရှိပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းသုံးခုကို သက်ဆိုင်ရာများကို မေးမြန်းလိုပါတယ်။ (၁) မြောက်ဦးမြို့တွင် ကွန်ကရစ်လမ်းများခင်းခွင့်ရှိ/မရှိသိလိုပါတယ်။ (၂) မြို့လူထုစိုးရိမ်ပူပန်စိတ် ဖြေဖျောက်ရန်အတွက် ရှေးဟောင်းသုတေသနအနေနဲ့ နယ်မြေသတ်မှတ်ချက်၊ နယ်မြေသတ်မှတ်ချက်ဆိုတာ ဘယ်နေရာမှာဘယ်လိုဆောက်ရမယ်၊ မဆောက်ရဘူးဆိုတာတွေကို၊ မူဝါဒဆိုင်ရာတွေကို ပြည်သူတွေသိခွင့်ရှိ/မရှိ၊ သိလို့ရှိရင် အချိန်အမြန်ဆုံးတင်ပြဖို့လိုအပ်မယ်လို့ထင်ပါတယ်။ နောက်တစ်ချက်က အဲဒီလို မိမိအကျိုးစီးပွားအတွက် လိုရင်တမျိုး၊ မလိုရင်တမျိုးလုပ်နေတဲ့ ကျွန်တော်တို့ အကျင့်ပိုင်းဆိုင်ရာအားနည်းတဲ့ အဲဒီအရာရှိတွေ၊ ဝန်ထမ်းတွေကို အရေးယူနိုင်/မနိုင် ဆိုတာလည်း သိ၊ ကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကိုဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြောက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစောရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြား တင်ပြသွားမှာဖြစ်ပါတယ်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ် ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄ အရ အပ်နှင်းထားတဲ့လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး တော့မှ အစိုးရအဖွဲ့ရဲ့သဘောတူညီချက်ဖြင့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် မြောက်ဦးမြို့ဟောင်း အတွင်းမှာရှိတဲ့ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အဦများတည်ရှိရာဇုန် (Ancient Monumental Zone-MZ) နောက်ရှေးဟောင်းနေရာတည်ရှိရာဇုန် (Ancient Site Zone-AZ) နှင့် ကာကွယ် ထိန်းသိမ်းထားတဲ့ဇုန်(Protected and Preserved Zone-PZ)များအဖြစ် အမိန့်ကြော်ငြာစာ (၁/၂၀၀၉)ကိုထုတ်ပြန်ပြီးတော့မှ သတ်မှတ်ခဲ့ပါတယ်။ အဲဒီအမိန့်ကြော်ငြာစာများ၊ စည်းကမ်းချက် များကို လိုက်နာဆောင်ရွက်နိုင်ဖို့အတွက်ကိုလည်းပဲ ညွှန်ကြားလွှာအမှတ်(၂/၂၀၁၄)နဲ့ ညွှန်ကြားလွှာ အမှတ်(၃/၂၀၁၄)ကိုလည်း ဆက်လက်ထုတ်ပြန်ပြီးမှ ဥပဒေနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင် ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ မြောက်ဦးမြို့မှာ ကွန်ကရစ် လမ်းများခင်းခွင့်ရှိ/မရှိနဲ့ပတ်သက်ပြီးတော့မှ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ တာဝန်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၁ အရ မည်သူမျှ ယဉ်ကျေးမှုဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်းဖောက် လုပ်ခြင်း၊ တံတား၊ ဆည်၊ မြောင်း၊ တာတမံဆောက်လုပ်ခြင်း၊ ယင်းတို့ကို တိုးချဲ့ခြင်း၊ ရေတွင်းရေကန် တူးဖော်ခြင်း၊ ယင်းတို့ကိုတိုးချဲ့ခြင်းတစ်ခုကို မပြုလုပ်ရလို့ ပြဋ္ဌာန်းထားရှိပါတယ်။ အဲဒီဥပဒေပုဒ်မရဲ့ ပုဒ်မ ၁၈ ပုဒ်မခွဲ(ဏ)မှာလည်းပဲ အဲဒီလိုလုပ်မယ်ဆိုလို့ရှိရင် ဤဝန်ကြီးဌာနရဲ့ ရှေးဟောင်းသုတေသန ပြတိုက်ဦးစီးဌာနသို့ ပုံစံ(၁၅)ဖြင့် လျှောက်ထားရမှာဖြစ်ပါတယ်။ လျှောက်ထားတဲ့အခါမှာ ကျွန်တော်တို့ဌာနကနေပြီးမှ လိုအပ်တဲ့ပညာရှင်များ ကွင်းဆင်းစစ်ဆေးပြီးမှ လက်ခံနိုင်မယ့် အတိုင်းအတာကို ကျွန်တော်တို့ ညှိနှိုင်းခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ခုနက ထုတ်ပြန် ထားတဲ့ ညွှန်ကြားလွှာ(၂/၂၀၁၄)မှာ ဇုန်များအတွင်း လမ်းများပြုပြင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း၊ မွမ်းမံခြင်းများကို အောက်ပါအတိုင်းဆောင်ရွက်ရမည်လို့ ဖော်ပြထားပါတယ်။ အဲဒီအချက်များကတော့

(က) အဝေးပြေးလမ်းများ လုံးဝမဖောက်လုပ်ရပါ။ (ခ) ကတ္တရာလမ်း၊ မြေသားလမ်း၊ မြေနီလမ်း၊ ဂဝံကျောက်လမ်းများကိုသာ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်အောင် ဖောက်လုပ်ရမည်။ (ဂ) ရှေးဟောင်းသဘာဝမြင်ကွင်း၊ ပတ်ဝန်းကျင်ရှိရှေးဟောင်းအဆောက်အအုံများ၏ အရောင်အသွေးနှင့်လိုက်လျောညီထွေမှု ရှိရမည်။ (ဃ) လမ်းပခုံးနှင့် လမ်းဟောင်း၊ ရှေးဟောင်းအဆောက်အအုံများအနည်းဆုံး ပေ ၉၀ ကွာဝေးရမည်။ (င) လမ်းအကျယ် ၁၆ ပေထက်မပိုရ။ (စ) လမ်းလုပ်ငန်းအတွက် မြေတူးဖော်ရန်လိုအပ်ပါက ရေပြင်ညီမှ ၁၂ လက်မအနက်ထက်ပို၍ မတူးဖော်ရ။ (ဆ) လမ်းဘေးကတ်တုံးများနှင့် ပလပ်ဖောင်းပြုလုပ်လိုပါက ဌာနသို့ သီးခြားတင်ပြမည်ဖြစ်ပြီးတော့မှ ဌာနမှ သတ်မှတ်ပေးသည့်အတိုင်းသာ ဆောင်ရွက်ရမည်။ (ဇ) မော်တော်ယာဉ်များ အရှိန်ဖြင့် မမောင်းနိုင်စေရေးအတွက်ကို အရှိန်ထိန်းတဲ့အတားအဆီးများ၊ အကွေ့အကောက်များဖြင့်သာ ဖောက်လုပ်ရမည်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ မြောက်ဦးမြို့မှာ ကွန်ကရစ်လမ်းများခင်းခြင်းနှင့်ပတ်သက်ပြီးတော့မှ ခင်းမည့်နေရာနှင့်ဒေသတို့ကို သိရှိပြီးတော့မှ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်တင်ပြတောင်းခံပြီးမှသာ ပညာရှင်များနှင့် ကွင်းဆင်းစစ်ဆေးပြီးမှ ကျွန်တော်တို့ လိုအပ်သည့် အကြံများပေးပြီးမှ ဆောင်ရွက်စေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြောက်ဦးမြို့မှာရှိတဲ့ မြို့မှာလမ်းတွေခင်းမယ်ဆိုလို့ရှိရင် ဒေသနှင့် လျော်ညီတဲ့ ကျောက်ခင်းလမ်းနှင့် ကတ္တရာလမ်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်ပါတယ်။ ကွန်ကရစ်လမ်းသည် ရှေးဟောင်းအမွေအနှစ်ယဉ်ကျေးမှုဒေသနှင့် လျော်ညီမှုမရှိခြင်း၊ ကွန်ကရစ်လမ်းကြောင့် မြေအောက်မှ အငွေ့ပြန်နိုင်မှုမရှိခြင်းနှင့် ကွန်ကရစ်တွင်ပါဝင်တဲ့ ဓာတုဗေဒပစ္စည်းများသည် မြေအောက်မှာရှိတဲ့၊ မမြင်နိုင်သေးတဲ့ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်စေခြင်းတို့ကြောင့် နိုင်ငံတကာမှာလည်းပဲ ကွန်ကရစ်လမ်းခင်းခွင့်ကို ကန့်သတ်ထားပါကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းချက်များထုတ်ပြန်ထားသော်လည်းပဲ ဒေသခံပြည်သူလူထုအိမ်ရာတည်ဆောက်ပြုပြင်ခြင်း၊ ချဲ့ထွင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ အခြေခံအဆောက်အအုံများတည်ဆောက်ခြင်းများကို စည်းကမ်းချက်နှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ရှေးဟောင်းအဆောက်အအုံများရဲ့မြင်ကွင်းကို မကွယ်စေဖို့အတွက် ဆောက်လုပ်မယ့်အဆောက်အအုံကလည်းပဲ အမြင့်ပေ ၃၀ အထက်မပိုစေရန် ယဉ်ကျေးမှုဇုန်အားလုံးအတွက် တစ်နိုင်ငံလုံးမှာ သတ်မှတ်ထားပါတယ်။ အခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြဆွေးနွေးသွားတဲ့ ၂၀၁၅ ခုနှစ်က တည်ဆောက်ခဲ့တဲ့ ခရိုင်ပြည်သူ့ဆေးရုံအဆောက်အအုံဟာ

အမြင့်ပေသတ်မှတ်ချက်ထက် များစွာကျော်လွန်နေခြင်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ သတ်မှတ်အမြင့်ပေ ၃၀ အထိသာ တည်ဆောက်ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါတယ်။ လုပ်ငန်းမစတင်မီကတည်းက ကြိုတင်ညှိနှိုင်းခဲ့မယ်ဆိုလို့ရှိရင် ဒီဝန်ကြီးဌာနအနေနဲ့ နှစ်ထပ်အဆောက်အအုံနှစ်လုံးအဖြစ် တည်ဆောက်နိုင်ရန်အကြံပြုနိုင်မည် ဖြစ်သော်လည်းပဲ အခုတော့ ကျွန်တော်တို့ ဌာနဆိုင်ရာအချင်းချင်းပေါင်းစပ်ညှိနှိုင်းမှုအားနည်းခဲ့ခြင်းကြောင့် ယခုကဲ့သို့ အခက်အခဲများတွေ့ရခြင်းဖြစ်ကြောင်းလည်း ရှင်းလင်းဖြေကြားလိုပါတယ်။

မြောက်ဦးမြို့မှာ ကျွန်တော်တို့ ရှေးဟောင်းသုတေသနဌာနရဲ့ မူဝါဒများကို ပြည်သူများသိခွင့်ရှိ/မရှိနဲ့ပတ်သက်ပြီးတော့မှ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်းဆိုင်ရာ ထုတ်ပြန်ထားတဲ့မူဝါဒများ၊ စည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို ဒေသခံပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေဖို့အတွက် ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ဗီနိုင်းကြော်ငြာဆိုင်းဘုတ်များစိုက်ထူပညာပေးခြင်း၊ ဒေသအုပ်ချုပ်ရေးရုံးများ၊ စည်ပင်ရုံးများမှာလည်းပဲ ကြော်ငြာများချိတ်ဆွဲပြသခြင်းများကိုလည်းပဲ လက်ရှိဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။ အလားတူပဲ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလည်းပဲ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ လိုအပ်တဲ့ပညာပေးဟောပြောမှုများကို အခုနက မြို့နယ်များမှာ စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိကြောင်းကိုလည်းပဲ ရှင်းလင်းဖြေကြားလိုပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်များမှာ ဝန်ကြီးဌာနက ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ နောက် ကုလသမဂ္ဂ၊ UNIESCO မှပညာရှင်များ၊ ပြည်နယ်အစိုးရမှတာဝန်ရှိပုဂ္ဂိုလ်များတို့ဟာ မြောက်ဦးမြို့၊ ဝေသာလီမြို့ဟောင်း၊ ဓညဝတီမြို့ဟောင်းကြားမှာရှိတဲ့ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမများမှာ အလားတူပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်းကိုလည်း တင်ပြလိုပါတယ်။ သို့ပါ၍ ရှေးဟောင်းသုတေသနဆိုင်ရာမူဝါဒများကို ပြည်သူများ သိခွင့်ရှိပါကြောင်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်းသာ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်စပ်မေးခွန်းတစ်ခုဖြစ်တဲ့ မိမိအကျိုးစီးပွားအတွက်ဆိုလျှင် အဆင်ပြေအောင်လုပ်နေတဲ့ တာဝန်ရှိသူဝန်ထမ်းများကိုအရေးယူ/မယူတို့ကို သိလိုခြင်းနှင့်ပတ်သက်ပြီးတော့မှ ဤဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို

စနစ်တကျထုတ်ပြန်ထားရှိပြီးတော့ စည်းကမ်းသတ်မှတ်ချက်ဘောင်အတွင်းမှ ဆောင်ရွက်စေလျက်ရှိပါတယ်။ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများကိုကျော်လွန်၍ လုပ်ဆောင်ခြင်းမရှိပါဘူး။ ဌာနမှ ထုတ်ပြထားတဲ့ ၁၉၉၈ ခုနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်းဥပဒေနှင့် စည်းကမ်းချက်များကို သွေဖည်ဖောက်ဖျက်ပြီးတော့ မိမိကိုယ်ကျိုးစီးပွားအတွက် တာဝန်ရှိသူများက ပြုမူဆောင်ရွက်ခဲ့မယ်ဆိုရင် ၎င်းဝန်ထမ်းကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အရေးယူမှုများလည်း ဆက်လက်ပြီး လုပ်ဆောင်နေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မိုက်ပေးပါ။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။တစ်ဆက်တစ်စပ်တည်းမေးခွန်းကို ပြောကြားလိုပါတယ်။ အခိက ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လိုချင်တာကလည်း ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းတိုင်ပင်မှုမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီလူ့အဖွဲ့အစည်းမှာ ကျွန်တော်တို့ဒေသရဲ့ဖွံ့ဖြိုးရေးကို ထိခိုက်ရတယ်ဆိုတာ သိလိုက်ရပါတယ်။ အဲဒီတော့ ဝန်ကြီး ဌာနအချင်းချင်း ညှိနှိုင်းပြီးတော့လည်း ကျွန်တော်တို့ ဒေသအကောင်အထည်ဖော်လုပ်ဖို့ဆိုတာကို တိုက်တွန်းပြီး ပြောချင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒီမှာ အခုလောလောဆယ်ကြုံရတဲ့အဖြစ်က မေးခွန်းတစ်ခုအနေနဲ့မေးပါရစေ။ ကျွန်တော်တို့ ဒီမြောက်ဦးမှာ မယ်သီလရှင်ကျောင်း တစ်ကျောင်းရှိပါတယ်။ မြောက်ဦးမြို့ကိုဝင်တဲ့ လမ်းမပေါ်မှာပဲရှိပါတယ်။ အဲဒီကျောင်းကို ပံ့ပိုးကူညီတဲ့ ကျွန်တော်တို့ ဒီ NLD က လူငယ်တွေရဲ့ ပရဟိတအဖွဲ့တစ်ဖွဲ့ပါ။ ကျွန်တော်တို့ ဒီက NLD မိတ်ဆွေအမတ်တစ်ယောက်လည်းပါပါတယ်။ သူတို့အဖွဲ့က ကူညီပြီးတော့ အဲဒီမှာ ကျောင်းကြီးတစ်ဆောင်စာသင်ဆောင်တွေဖြစ်ဖို့အတွက် အကူအညီပေးတဲ့အခါမှာ တစ်ဝက်တစ်ပျက်ဆောက်လက်စတစ်ခုကို အခု ကျွန်တော်တို့ တားတယ်လို့သိရပါတယ်။ အဲဒီ ရှေးဟောင်းသုသနဌာနကပဲ တားတယ်။ အဲဒီတော့ ဆောက်လက်စက Foundation လုပ်ပြီးတော့ ဆောက်တဲ့အခါမှာ တားတယ်။ အဲဒီတော့ နဂိုကတည်းက ညှိနှိုင်းတိုင်ပင်မှုမလုပ်ဘဲနဲ့ လုပ်ပြီးတာကို သူတို့လုပ်တဲ့သဘောက သူတို့က လုပ်တာကိုစောင့်နေတယ်။ ဓာတ်ပုံရိုက်ထားတယ်။ လုပ်လို့တစ်ဝက် တစ်ပျက်ရောက်တဲ့အခါကျ တားတယ်ဆိုတဲ့မကောင်းတဲ့အကျင့်မျိုးတွေက အဲဒီဌာနမှာ တော်တော်လေးခေတ်စားပါတယ်။ နောက်တစ်ချက်က အဲဒီနေရာနဲ့ မနီးမဝေးနေရာမှာပဲ ကျွန်တော်တို့ သုံးထပ်အဆောင်တစ်ခု ကားဂိတ်နားမှာ

သုံးထပ်အဆောင်တစ်ခုက ပေ ၃၀ အထက် အများကြီးမြင့်ပါတယ်။ အဲဒါဆောက်ထားတာလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပိတ်ပင်ခဲ့တဲ့ ဆေးရုံထက်ကို အများကြီးမြင့်ပါတယ်။ အဲဒါမျိုးတွေဟာ ကျွန်တော်တို့အောက်ခြေမှာ ဖြစ်နေတဲ့အတွက် ဒါတွေဟာ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီလူ့အဖွဲ့ အစည်းမှာ ဒေသတွေဖွံ့ဖြိုးတိုးတက်ဖို့အတွက် အများကြီးအနှောင့်အယှက် ဖြစ်နေပါတယ်။ အဲဒါတွေ ကိုလည်း တိတိကျကျကွင်းဆင်းပြီးတော့၊ စစ်ဆေးပြီးတော့ ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်မဖြစ်အောင် ဝန်ကြီးဌာနအနေနဲ့ လုပ်စေချင်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း ပူးပေါင်းညှိနှိုင်းတိုင်ပင်ဆောင်ရွက်စေချင်ဆိုတာကို ကျွန်တော် ထပ်လောင်းပြီးတော့ ပြောပြချင်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဥပမာတစ်ခုတင်ပြပါရစေ။ ကနေ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖို့အတွက်ကို ကျွန်တော်တို့ ခုနက ယူနက်စကိုနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလအတွင်းမှာ ခုနက ဒီယဉ်ကျေးမှုဝန်ကြီးဌာနတို့၊ နောက် ပြည်ထဲရေးဝန်ကြီးဌာနတို့၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာနတို့ အစသဖြင့် ဌာနတွေဟာ အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှုမရှိဘဲနဲ့ ခုနက ဟိုတယ် ၄၂ လုံးကို ခွင့်ပြုခဲ့ပါတယ်။ အလားတူပဲ နန်းမြင့်မျှော်စင်ကြီးကိုလည်း တည်ဆောက်ခဲ့ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ခုနက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖို့အတွက်ကျတော့ ဒီလိုခေတ်မီအဆောက် အဦကြီးတွေက သူတို့လက်မခံပါဘူး။ လက်မခံတဲ့အခါမှာ ကျွန်တော်တို့ ပုဂံဒေသဟာ ကမ္ဘာကျော် ဒေသဖြစ်သော်လည်း၊ ကမ္ဘာရဲ့အသဲနှလုံးဒေသဖြစ်သော်လည်းပဲ ကနေ့အထိ စာရင်းမဝင်ဘဲဖြစ်နေပါ သေးတယ်။ အဲဒါကြောင့်မို့လို့ ခုနက ကျွန်တော်တို့ ဒီဌာနတွေပေါင်းစပ်ညှိနှိုင်းမှုအားနည်းခဲ့လို့မို့လို့ ဟိုတယ် ၄၂ လုံးမှာ ဟိုတယ် ၂၇ လုံးက ရာခိုင်နှုန်း ၇၅၊ ၈၀၊ ၉၀ တည်ဆောက်ပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ ၁၅ လုံးက မဆောက်ရသေးပါဘူး။ တည်ဆောက်ပြီးဟိုတယ်တွေကျတော့လည်း ကိုယ့်နိုင်ငံ သားတွေ၊ တိုင်းရင်းသားတွေပိုင်တဲ့ဟာဖြစ်နေတဲ့အခါကျတော့ ဒါတွေ ပြန်ဖြိုဖျက်ဖို့ဟာလည်း ကျွန်တော်တို့ အရင်းအနှီးကြီးမားလှပါတယ်။ ဒီလုပ်ငန်းရှင်များလည်း မနစ်နာစေဖို့၊ ယူနက်စကို ကလည်း လက်ခံဖို့၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်စေဖို့အတွက်ကို ညှိနှိုင်းလက်ခံရမှာ ကျွန်တော်တို့က Mixed ပေါ့။ ခုနက Ancient Zone အဖြစ်နဲ့ ဒါကျွန်တော်တို့ ၂၀၁၇ ခုနှစ်မှာ အဆိုပြုတင်သွင်း

သွားမှာဖြစ်ပါတယ်။ ဖြစ်တဲ့အခါမှာ ကျွန်တော်တို့ ခုနက မဆောက်ရသေးတဲ့ ဟိုတယ် ၁၅ လုံးကို လုံးဝဆောက်ခွင့်မပြုဘဲနဲ့ သတ်မှတ်တဲ့ဟိုတယ်ဇုန်နေရာသစ်မှာ ဆောက်လုပ်စေခြင်းဖြစ်ပါတယ်။ ဆောက်ပြီးတဲ့ဟိုတယ် ၂၅ လုံးကိုတော့ဖြင့် ခုနက အရင်းကြေကာလ ၁၅ နှစ်သတ်မှတ်ပြီးတော့မှ ၁၅ နှစ်ပြည့်တဲ့အခါမှာ သူသည်ဖျက်သိမ်းရွှေ့ပြောင်းပေးဖို့ ကတိစာချုပ်နှင့် လုပ်ရမှာဖြစ်ပါတယ်။ အခုလည်းပဲ မြောက်ဦးဒေသကို ကျွန်တော်တို့က ဆက်ပြီးတော့မှ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်တဲ့၊ ယူနက်စကိုရဲ့ စာရင်းဝင်ဖို့အတွက်ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခုနက ဆေးရုံကြီးသည် သတ်မှတ်တဲ့အမြင့်ပေ ၃၀ ထက်ကျော်လွန်လို့မို့လို့ ကန့်သတ်တားဆီးခဲ့တာရှိပါတယ်။ နောက် ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ ဒီထက်မြင့်တဲ့အဆောက်အအုံအချို့ ဆောက်တာကိုလည်း ရှိနေတယ်ဆိုတာကို ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးပါမယ်။ စစ်ဆေးပြီးတဲ့အခါမှာ ကျွန်တော်တို့ ခုနကပေါ့ ပုဂံလုပ်ထုံးလုပ်နည်းအတိုင်းပဲ ဆောက်ပြီးသားဟာကိုတော့ဖြင့် ခုနက ပြည်သူတွေ နစ်နာမှုမရှိဖို့အတွက်ကို လက်ခံနိုင်အောင် ယူနက်စကိုနှင့် အသေးစိတ်ပြန်ညှိပါမယ်။ မဆောက်ရသေးတဲ့ဟာ ဆိုရင်တော့ ခုနက သတ်မှတ်ထားတဲ့စည်းကမ်းချက်များအတိုင်းပဲ ကျွန်တော်တို့ တားဆီးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယူနက်စကိုကရော၊ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနကရော ပညာရှင်အဖွဲ့တစ်ဖွဲ့ပါဝင်တဲ့အဖွဲ့ကို ကျွန်တော်တို့ အမြန်ဆုံးစေလွှတ်ပြီးမှ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စု၊ ဘုရားကုန်းတောင်တွင် ဒီပါအေးဆုတောင်းပြည့်စေတီတော်၊ ဗောဓိတစ်ထောင်နှင့် သာသနိကအဆောက်အဦများရှိရာ မြေနေရာများအား သာသနာ့မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးလိုတဲ့ မေးခွန်းကတော့ (၁) ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စု၊ ဘုရားကုန်းတောင်တွင် ဒီပါအေးဆုတောင်းပြည့်စေတီတော်၊ ဗောဓိတစ်ထောင်နှင့် သာသနိကအဆောက်အဦများ

ရှိရာမြေနေရာအား သာသနာ့မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ။ (၂) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်နည်း။ (၃) အစီအစဉ်မရှိပါက မည်သည့်အတွက် ကြောင့်နည်း။ (၄) သာသနာထွန်းကားရာနေရာဖြစ်၍ ထိုသာသနာထွန်းကားနေမှုအား အစွန့်ရှည်အောင် မည်သို့မည်ပုံဆောင်ရွက်ပေးပါမည်နည်းတို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းနှင့်ပတ်သက်သော မှတ်တမ်းဓာတ်ပုံများ တင်ပြလို၍ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်ရှင်။ Power Point မှာ မေးခွန်းပါဒေသတွင် သာသနာထွန်း ကားနေသည့် အထောက်အထားပြမှတ်တမ်းဓာတ်ပုံများပါဝင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်း ရခြင်းအကြောင်းအရင်းကို ဆက်လက်တင်ပြလိုပါတယ်။ ၁၉၉၆ ခုနှစ် လွန်ခဲ့သော ၁၈ နှစ်ခန့်မှစ၍ မေးခွန်းပါဒေသရှိ ဒီပါအေးကျောင်းတိုက်တွင် ဘဒ္ဒန္တဝိမလ ရေဆွမ်းဆရာတော်မှ သာသနာပြုကာ ဒီပါအေးဆုတောင်းပြည့်စေတီတော် ဗေဓိတစ်ထောင်နှင့် အခြားသာသနိကအဆောက်အအုံများ တည်ထားဆောက်လုပ်လျက်ရှိသည်မှာ ယနေ့အချိန်အခါတွင် Power Point မှာဖော်ပြထားတဲ့အတိုင်း သာသနာတိုးတက်ထွန်းကားလျက်ရှိပါတယ်။ ထိုကဲ့သို့ ဆရာတော်မှ အမျိုးဘာသာသာသနာတိုးတက် ထွန်းကားအောင်ဆောင်ရွက်နိုင်မှုကြောင့် ၂၀၁၄ ခုနှစ်မှာ နိုင်ငံတော်အစိုးရမှ သာသနာ့ဂုဏ်ထူး ဆောင်ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။ ဆရာတော်မှ ထိုကဲ့သို့ သာသနာထွန်းကားမှုကြောင့်လည်း မြေဧရိယာ ၉၁.၁၉ ဧကကို သာသာနာ့မြေအဖြစ် သက်ဆိုင်ရာအဆင့်ဆင့်သို့လျှောက်ထားတင်ပြခဲ့ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာရေးဦးစီးမှူး၊ တိုင်းသာသနာရေး ဦးစီးမှူး၊ ရပ်/ကျေးသံဃာနာယကအဖွဲ့၊ မြို့နယ်သံဃာနာယကအဖွဲ့၊ တိုင်းသံဃာနာယကအဖွဲ့တို့မှ လည်း သာသနာ့မြေအဖြစ် မှန်ကန်ကြောင်း ထောက်ခံပေးခဲ့ကြပါတယ်။ ဒါ့အပြင် ၂၅-၈-၂၀၁၆ ရက်နေ့ကလည်းကောင်း၊ ယနေ့၌လည်းကောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ပြည်ထောင်စု ဝန်ကြီး ဦးအုန်းဝင်းမှ လွှတ်တော်တွင် မေးခွန်းဖြေကြားစဉ် ပြောကြားချက်များအရ သစ်တောမြေ အဖြစ်မှ ပယ်ဖျက်ပေးမှုအခြေအနေများရှင်းပြရာတွင် ရွာမြေ၊ လယ်မြေ၊ သာသနာအများပိုင်မြေအဖြစ် သစ်တောကြိုးဝိုင်းမှ ပယ်ဖျက်ပေးတဲ့ ဧရိယာများပါဝင်တာတွေ့ရှိရပါတယ်။ ပန်းတောင်းမြို့နယ်၊ လက်ရဲတက်ကြိုးဝိုင်းဧရိယာသည် ၃၅၀၁ ဧကရှိ၍ သာသနာမြေအဖြစ် စွန့်လွှတ်ပြီးမြေဧက မှာ ၃၀.၅၆ ဧကဖြစ်ပါတယ်။ အခိုင်အမာတည်ထောင်ပြီးဖြစ်သည့် ရွာမြေ၊ လယ်မြေ၊ သာသနာအများ ပိုင်မြေများကို သစ်တောကြိုးဝိုင်းမြေမှ ပယ်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိထားပါတယ်။ ထိုအချက်များ ကိုတင်ပြရခြင်းမှာ သစ်တောကြိုးဝိုင်းမြေမှ သာသနာမြေအဖြစ် စွန့်လွှတ်နိုင်တဲ့ လုပ်ထုံးလုပ်နည်းရှိ

နေတယ်ဆိုတဲ့အချက်ကို တင်ပြခြင်းဖြစ်ပါတယ်။ ထိုသို့ လုပ်ထုံးလုပ်နည်းရှိ၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရင် ဖြစ်နိုင်ခြင်း၊ မေးခွန်းပါဒေသမှာ ပကတိသာသနာထွန်းကားနေခြင်း၊ အခိုင်အမာ တည်ထောင်ပြီးဖြစ်ခြင်း ဘာသာသာသနာသည် အများအားဖြင့် လူ့အဖွဲ့အစည်းကို ထိန်းကျောင်းတည့် မတ်နိုင်တာမို့ သာသနာတိုးတက်ထွန်းကားဖို့လိုအပ်ခြင်းတို့ကြောင့် အမျိုးဘာသာသာသနာစောင့် ရှောက်လိုသူများရဲ့ကိုယ်စား အထက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၏ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားရမယ်ဆိုရင် နိုင်ငံတစ်ဝှမ်းမှာ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အဦများ၊ ကျောင်း၊ ကျောင်းတိုက်အသစ်များ ဆောက်လုပ်တဲ့အခါမှာ သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်း သို့မဟုတ် ဂေါပကအဖွဲ့က အောက်ပါလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ၎င်းတို့ကတော့ (က) အခုနက အုပ်ချုပ်ရေးပိုင်းအရ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနရဲ့ အုပ်ချုပ်ရေးမှူးတွေရဲ့ထောက်ခံချက်၊ (ခ) သံဃာ့အဖွဲ့ အစည်းအပိုင်းမှာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်သံဃာ့နာယကအဖွဲ့အစည်း အဆင့်ဆင့်ရဲ့ထောက်ခံချက်၊ (ဂ) မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးတို့ရဲ့ ထောက်ခံချက်၊ (ဃ) မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်သစ်တောဦးစီးဌာန ဦးစီးမှူးတို့ရဲ့ ထောက်ခံချက်၊ (င) တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ထောက်ခံချက်၊ (စ) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ကန့်ကွက်ရန်မရှိကြောင်း အကြောင်းကြားစာ၊ (ဆ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ထောက်ခံချက်၊ အဲဒီကမှ တစ်ဆင့် ပြည့်စုံတဲ့အခါမှာ အခုနက ပြည်ထောင်စုအစိုးရရဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး ကော်မတီကို ဆက်လက်တင်ပြပြီးတော့မှ အဲဒီရဲ့သဘောတူညီချက်နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အထိ အဆင့်ဆင့် တင်ပြဆောင်ရွက်ရပါတယ်။ အခု ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ သာသနာမြေ နှင့်ပတ်သက်လို့ကတော့ အခုနက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းမရှိခဲ့ပါဘူး။ အခုနက

စေတီပုထိုးများ၊ သာသနိကအဆောက်အဦများ၊ ကျောင်း၊ ကျောင်းတိုက်အသစ်များ ဆောက်လုပ်ခြင်းနှင့်ပတ်သက်ပြီးတော့မှ အခုနက တစ်နိုင်ငံလုံးမှာဖြစ်ပေါ်နေတဲ့ ပြဿနာများကတော့ အဲဒီ သာသနိကအဆောက်အဦများသည် ကြိုတင်ခွင့်ပြုချက်မတင်ပြဘဲ ဆောက်လုပ်ခိုင်းခြင်းကြောင့်မို့လို့ အစိုးရဧရိယာအတွင်းမှာ ကျရောက်နေခြင်း၊ သစ်တောကြိုးဝိုင်းမြေအတွင်းမှာ ကျရောက်နေခြင်း၊ ပုဂ္ဂလိကပိုင်ရှင်များရဲ့ ခွင့်ပြုချက်မရှိသော မြေအတွင်းမှာကျရောက်နေခြင်း၊ နောက် ကြည်ညိုဖွယ် မစုံတဲ့ မြေနေရာမှာ ရောက်ရှိနေခြင်း၊ အများပြည်သူပိုင်တဲ့နေရာအတွင်း ရောက်ရှိနေခြင်းတို့ကြောင့် သာသနာမြေအဖြစ်နဲ့အသုံးပြုခွင့်ပေးရန် အခက်အခဲများ အခုလို ကြုံတွေ့နေရခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စု၊ ဒီပါအေး ဇလွန်စေတီတော်၊ ဗောဓိတစ်ထောင် စေတီတော်နှင့် သာသနိကအဆောက်အဦးများသည် လွန်ခဲ့သော ၁၇ နှစ်က တည်ဆောက်ခဲ့တဲ့ မြေနေရာ ၉၁.၁၉ ဧက ကျယ်ဝန်းပြီးတော့မှ အဲဒီမြေကလည်းပဲ လက်ရဲတပ် သစ်တော်ကြိုဝိုင်းဧရိယာအတွင်းမှာ ကျရောက်နေတာကို စိစစ်တွေ့ရှိရပါတယ်။ ၎င်းနေရာကို ဝန်ကြီးဌာနကနေပြီးမှ တာဝန်ရှိတဲ့ကိုယ်စားလှယ်အဖွဲ့တွေ ကွင်းဆင်းလေ့လာစစ်ဆေးတဲ့အခါမှာလည်းပဲ သာသနိကအဆောက်အဦများဟာ တည်ဆောက်ပြီးဖြစ်နေတဲ့အပြင် တကယ်တင့်တယ်သပ္ပါယ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ စေတီပုထိုး၊ သာသနိက အဆောက်အဦများကို မဆောက်လုပ်မီကတည်းက သာသနာ့မြေအဖြစ်နဲ့ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမှာဖြစ်သော်လည်းပဲ ဒီသာသနိက အဆောက်အဦများက ဆောက်လုပ်ပြီးမှ သာသနာမြေလျှောက်ထားတာဖြစ်ပါတယ်။ အခုနက ထောက်ခံချက်အဆင့်ဆင့် ပါဝင်သော်လည်းပဲ အခုနက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဌာနအဆင့်ရဲ့ သဘောတူခွင့်ပြုချက်က ကျန်နေပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ထောက်ခံ သဘောတူညီချက် အဲဒီ ဧက ၉၀ ကျော်ကို သစ်တောကြိုးဝိုင်း မြေအဖြစ်ကနေပြီးမှ စွန့်လွှတ်မယ့် သဘောတူညီချက်ပါရှိပြီးတော့မှ အမှုတွဲကိုပြန်လည်ပြုစုတင်ပြမှသာလျှင် ပြည်ထောင်စုအစိုးရရဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကော်မတီကတစ်ဆင့် အစိုးရအဖွဲ့ကို တင်ပြနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမှုတွဲကို ပြည့်စုံစွာပြန်လည်ပြုစုတင်ပြပေးဖို့နဲ့ ဝန်ကြီးဌာနအနေနဲ့လည်း ဒါကို သာသနာမြေဖြစ်ဖို့အတွက်ကို ကျွန်တော်တို့ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)။** ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါရှင်။ ဒီလိုမျိုးပေါ့။ သာသနာထွန်းကားနေတဲ့နေရာတွေဟာ သစ်တောကြိုးဝိုင်းတွေထဲမှာ ခိုင်ခိုင်မာမာရှိပြီးတဲ့အခါကျတော့ မပေးမဖြစ်ပေးရမယ့်အခြေအနေမျိုးတွေ ရောက်တာမျိုးတွေ တွေ့ရှိရပါတယ်။ ဒါအခုနကတုန်းက ကျွန်မတို့ဒေသမှာလည်း ဒီလိုမျိုးဖြစ်ခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ သာသနာရေးဝန်ကြီးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးချင်တဲ့မေးခွန်းကတော့ အစကတည်းကိုက ဒီလိုမျိုး ပြဿနာမျိုးတွေ သစ်တောကြိုးဝိုင်းတွေထဲမှာ မဖြစ်အောင်၊ ဒီလိုမျိုး စပြီးတော့ လုပ်ပြီဆိုတာနဲ့ သစ်တောကြိုးဝိုင်းတွေထဲမှာ သာသနာရေးရာကိစ္စပဲဖြစ်ဖြစ်၊ အခြားသာသနာနဲ့သက်ဆိုင်တဲ့ကိစ္စတစ်ခုခု စလုပ်ပြီဆိုတာနဲ့ စပြီးတော့လုပ်လို့မရအောင် ဒီလိုအခိုင်အမာကြီးဖြစ်ပြီးတာတောင်မှ လုပ်လို့မရဘူး။ အခက်အခဲရှိနေသေးတယ်။ ဥပဒေတွေ စောင့်ရဦးမယ်ဆိုတာမျိုး မဖြစ်ရအောင် အစကတည်းက ကွင်းဆင်းပြီးတော့ ဆက်လက်လုပ်လို့မရအောင် ဆောင်ရွက်ပေးမယ့် အစီအစဉ်ရှိ/မရှိကို ကျွန်မမေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြန်လည်ဖြေကြားပေးပါ။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ ပြည်ထဲရေးဝန်ကြီးဌာနမှလည်းပဲ မြေယာနဲ့ပတ်သက်တဲ့ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များရှိပါတယ်။ သာသနာရေးပိုင်းမှာလည်းပဲ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ရဲ့ ညွှန်ကြားလွှာများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သို့ ထုတ်ပြန်ညွှန်ကြားထားခြင်းများရှိပါတယ်။ အခါအားလျော်စွာလည်းပဲ ထပ်မံပြီးတော့မှ ညွှန်ကြားလွှာကိုလည်း ထုတ်ပြန်ပေးနေတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနှင့်ပတ်သက်လို့ရှိရင် အုပ်ချုပ်ရေးပိုင်းကရော၊ သာသနာရေးပိုင်းကရော သတ်မှတ်ထားတဲ့ညွှန်ကြားလွှာတွေဟာ ထုတ်ပြန်ထားပြီးသားရှိနေပါတယ်။ အခုနက ကြည့်မယ်ဆို့လို့ရှိရင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေသွားတာ ရှိပါတယ်။ ဖြေသွားတာက သစ်တောမြေကချည်းပဲ ထုတ်နုတ်ပေးဖို့ချည်းပဲ Case တွေက ရာပေါင်းများစွာ ဖြစ်ပါတယ်။ ဖြစ်တဲ့အခါကျတော့ ဒီသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှာလည်းပဲ စေတီပုထိုး၊ သာသနိကအဆောက်အအုံတွေကို ကြိုတင်ခွင့်ပြုချက်၊ ညှိနှိုင်းချက်မရရှိဘဲနဲ့ တည်ဆောက်ခဲ့တာမို့လို့ အဲဒီလို Pending ဖြစ်နေတဲ့ကိစ္စမျိုး ရာနဲ့ချီရှိနေပါတယ်။ ရှိတဲ့အခါမှာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို တင်ပြခဲ့ပါတယ်။ အဲဒီတင်ပြခဲ့တုန်းက ကရင်ပြည်နယ်အတွင်းမှာလည်းပဲ သာသနာပြုမှုနဲ့

ပတ်သက်ပြီးတော့မှ အခြားဘာသာ၊ သာသနာမြေမှာ သာသနာပြုတဲ့ကိစ္စက နည်းနည်းလေး နိုင်ငံတကာဝေဖန်မှုတွေခံနေရတဲ့ ကာလဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကော်မတီကနေ ခဏဆိုင်းငံ့ထား ပေးဖို့ ကျွန်တော်တို့ကို ညွှန်ကြားပေးပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေဟာ ညွှန်ကြားချက်တွေ၊ အမိန့်တွေ၊ ညွှန်ကြားလွှာတွေဟာ ရှိပြီးဖြစ်ပါကြောင်းနှင့် နောင် လိုအပ်သလို ဆက်လက်ပြီးမှ ဒါကိုလည်း အခြေအနေအရ လိုအပ်သလို ဆက်လက်ပြီးမှ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ဒီ Case ကိုလည်းပဲ ပြန်လည်တည်ဆောက်တင်ပြ ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းက တစ်ဆက်တစ်စပ်တည်းတော့ မှန်ပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ် အနေနဲ့ တစ်ခုတော့ သတိထားသင့်ပါတယ်။ ဘာလဲလို့ဆိုလို့ရှိရင် အစကတည်းက ဒါတွေကို ဘာလို့ မဆောက်ခင် မတားခဲ့လဲ၊ မပြုခဲ့လဲ ဆိုတဲ့ဟာက အဲဒီသာသနာအဆောက်အဦတွေက ဘယ်နေ့၊ ဘယ်ကာလကတည်းကဆောက်နေသလဲ၊ အခု ဒီလပိုင်းလေးကျမှ ဆောက်တာလား၊ အဲဒီတော့ ဒီဝန်ကြီးက ဘယ်လိုဖြေရမလဲ၊ နည်းနည်းလေးတော့ သဘောပေါက်ဖို့တော့လိုမယ်။ ဒီဝန်ကြီး လက်ထက်မှာ ဆောက်နေတာ မညွှန်ကြားရင်၊ မပြုရင် ဟုတ်ပါတယ်။ ဘယ်နှစ်ကာလ၊ ဘယ်တုန်းက ဆောက်တာ။ အခုကမှ အစတည်းက ဒီဝန်ကြီးကို ဘာလို့ မတားလဲ၊ ဒီလိုတွေမလုပ်လဲဆိုတော့ အဲဒါကတော့ နည်းနည်းစဉ်းစားဖို့တော့ ကောင်းတယ်။ ကိုယ့်တစ်ဆက်တစ်စပ်တည်းမေးခွန်းက ဒီဝန်ကြီးဌာနနဲ့ဆိုင်လား၊ ဒီဝန်ကြီးနဲ့ပတ်သက်လား၊ အဲဒါမျိုးတော့ စဉ်းစားဖို့တော့လိုတယ်။

**ကျောက်တန်းမြို့နယ်အတွင်းရှိ ရှေးဟောင်းသာသနာ့အဆောက်အအုံများနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ရှေးဟောင်းဘုရားများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံစောင့်ရှောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မက ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မေးခွန်းနှစ်ခု မေးမြန်းလိုပါတယ်။ နံပါတ်(၁)ကတော့ ကျောက်တန်းမြို့နယ်အတွင်းမှာရှိတဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက တည်ထားကိုးကွယ်ခဲ့ တဲ့ ရှေးဟောင်းသာသနာ့အဆောက်အအုံများကို ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်

ထိန်းသိမ်းရေးဥပဒေအရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပေးနိုင်မှုရှိ/မရှိ။ နံပါတ်(၂) မြန်မာနိုင်ငံတစ်ဝှမ်းမှာရှိတဲ့ ရှေးဟောင်းဘုရားဖြစ်သော ရွှေတိဂုံ၊ ကျိုက်ထီးရိုးအပါအဝင် ရှေးဟောင်းသမိုင်းဝင်ဘုရားများကို ဂေါပကအဖွဲ့ရဲ့ တာဝန်ယူစောင့်ရှောက်ခြင်းသာမက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုလက်အောက်မှာ စောင့်ရှောက်ပေးဖို့အစီအစဉ်ရှိ/မရှိဆိုပြီးတော့ မေးမြန်းချင်တာဖြစ်ပါတယ်။ ကျွန်မက ဒီမေးခွန်းတွေကို ရည်ရွယ်ချက်သုံးခုနဲ့ မေးမြန်းရတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)အရ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ယိုယွင်းပျောက်ဆုံးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်။ နံပါတ်(၂) ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများ၊ အဆောက်အဦများကို ပြန်လည်ဖော်ထုတ်ခြင်းဖြင့် ပြည်တွင်းပြည်ပခရီးသွားများကိုစွဲဆောင်နိုင်သောကြောင့် နိုင်ငံတော်ဝင်ငွေရရှိစေခြင်းအပြင် ဒေသခံပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းလည်း များပြားလာမှာဖြစ်တဲ့အတွက် ဖြစ်ပါတယ်။ နံပါတ်(၃) ရပ်ဝေးရပ်နီး၊ ပြည်တွင်းပြည်ပမှ လာရောက်လေ့လာဖူးမြော်ကြည်ညိုနေတဲ့ ရှေးဟောင်းသမိုင်းဝင်ဘုရားများမှာ ဘုရားကိုအမှီပြုပြီးတော့ ကိုယ်ကျိုးစီးပွားရှာနေတဲ့ ဝိသမလောဘသားတွေကြောင့်လည်းကောင်း၊ စီမံခန့်ခွဲမှုလိုအပ်ချက်ကြောင့်လည်းကောင်း အများပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်စေရန်အတွက် ရည်ရွယ်ချက်သုံးမျိုးနဲ့ ကျွန်မ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရန်ကုန်တောင်ပိုင်းခရိုင်မှာရှိတဲ့ ကျောက်တန်းမြို့ဟာ မွန်ဘုရင်တည်ထားကိုးကွယ်ခဲ့တဲ့ ရှေးဟောင်းသမိုင်းဝင်ဘုရား များစွာရှိနေတဲ့နေရာဖြစ်ပါတယ်။ ကျောက်တန်းမြို့မှာရှိတဲ့ ကျိုက်မှော်ဝန်းရေလယ်ဘုရားဟာ မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးပြည်သူများအပြင် နိုင်ငံခြားသားခရီးသွားများပင် စိတ်ဝင်တစားလာရောက်လေ့လာဖူးမြော်နေတဲ့ ရှေးဟောင်းသမိုင်းဝင်ဘုရားဖြစ်ပါတယ်။ ၎င်းအပြင် ရန်ကုန်မှ ကျောက်တန်းကိုလာတဲ့လမ်းမှာရှိတဲ့ ပါရကြီးစံပြကျေးရွာလေးဟာ ယခင် ပါရဘုရင်နန်းစိုက်ခဲ့တဲ့နေရာလေးဖြစ်ပါတယ်။ ဘုရင်သောက်သုံးခဲ့တယ်ဆိုတဲ့ ရေတွင်းတွေ၊ ဘုရင်တည်ထားခဲ့တဲ့ သမိုင်းဝင်ရှေးဟောင်း ဂဝံသိမ်တော်တွေရှိပါတယ်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ရှေးဟောင်းအမွေအနှစ်အဖြစ်သတ်မှတ်ထားပါတယ်။ ဒီနေရာမှာ မိမိသဘောအလျောက် ကျူးကျော်ဝင်ရောက်ခြင်း၊ ရှေးဟောင်းဂဝံအဆောက်အအုံများကိုဖျက်ဆီးခြင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများရှာဖွေတူးဖော်ခြင်း၊ အဆောက်အအုံသစ်ဆောက်လုပ်ခြင်းမပြုရန် တားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက

ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးဥပဒေအရ အရေးယူခံရမယ်ဆိုတဲ့ သတိပေးတားမြစ်ချက်လည်း ထုတ်ထားပါတယ်။ ဒါပေမဲ့လည်း ဒီဂဝံသိမ်တော်ကတော့ ပုံမှာမြင်ရတဲ့အတိုင်း ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ဖုံးလွှမ်းလို့ရှိပါတယ်ရှင်။ ၂၀၁၆ ခုနှစ်၊ ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေပုဒ်မ ၁၂ တွင် ဦးစီးဌာနသည် ရှေးဟောင်းအဆောက်အအုံထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ရှေးဟောင်းအဆောက်အအုံ၏ အောက်ပါအချက်အလက်များ ကိုအခြေခံ၍ ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ဆောင်ရွက်မည်။ (က) လတ်တလော ပြိုကျပျက်စီးနိုင်မှု အခြေအနေလို့ ပြဋ္ဌာန်းထားပါတယ်။ မှော်ဝန်းချောင်းကမ်းပါးမှာ ရေတိုက်စားမှုဒဏ်ကို ဆိုးရွားစွာခံနေရတဲ့ ကျောက်တန်းမြို့နယ် ဥယျာဉ်ကျေးရွာလေးမှာရှိတဲ့ ရှေးဟောင်းဘုရားများဟာ၊ ရေတွင်းရေကန်တွေဟာ ပျက်စီးဖို့အတွက်ကို အန္တရာယ်နဲ့ကြုံတွေနေရတဲ့အတွက် စောင့်ရှောက်ပေးဖို့ တင်ပြရတာဖြစ်ပါတယ်ရှင်။

ဧင်းကျေးရွာလေးဟာ ပါရနိုင်ငံတော်ရဲ့ နောက်ဆုံးမင်းဆက်ဖြစ်ခဲ့တဲ့ နရိန္ဒမင်းရဲ့သမီးတော် အပန်းဖြေတဲ့ဥယျာဉ်ဖြစ်ခဲ့တာကြောင့် ဥယျာဉ်ကျေးရွာလို့ အမည်တွင်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ ဧင်းကျေးရွာလေးဟာ ရေတိုက်စားမှုဒဏ်ကြောင့် သာသနာ့အဆောက်အအုံတွေ၊ အမွေအနှစ်တွေဆုံးရှုံးတော့မှာကို ပြည်သူများက စိုးရိမ်ပူပန်လျက်ရှိပါတယ်ရှင်။ ဒါ တတ်နိုင်သလောက်တော့ ပြည်သူတွေကလည်း ဒေသခံပြည်သူတွေက စောင့်ရှောက်မှုလုပ်နေပါတယ်ရှင်။ ကျောက်တန်းမြို့နယ် မြည်းပြကျေးရွာဟာဆိုရင် မုတ္တမပင်လယ်ကွေ့နားမှာ ရှိပါတယ်။ ရှေးဟောင်းသမိုင်းဝင်ရွှေဘုံသာဘုရားက ပင်လယ်စပ်မှာရှိပြီး သပ္ပာယ်စွာဖူးမြော်နိုင်ပေမယ့်လည်း ပင်လယ်ရေတိုက်စားမှုဒဏ်ကြောင့် မို့လို့လည်း ဒီဘုရားက မကြာခင်ပျက်စီးတော့မှာဆိုတာကို စိုးရိမ်နေရပါတယ်ရှင့်။ ကျောက်တန်းမြို့နယ် ချောင်းဇောက်ကျေးရွာမှာတူးဖော်ရရှိတဲ့ ဂဝံချက်တွေဖြစ်ပါတယ်။ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်တွေ ကာကွယ်စောင့်ရှောက်ဖော်ထုတ်ရေးဟာ နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးကူညီမှုတွေ၊ ပညာရှင်တွေလမ်းညွှန်မှုမပါဘဲနဲ့ ဘယ်လိုမှဖြစ်နိုင်တာ မဟုတ်ပါဘူးရှင်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(က)အရ ရှေးနှစ်ပေါင်းများစွာက တည်တံ့စေရန်အတွက် ကာကွယ်ထိန်းသိမ်းရေး------။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားပါ့မယ်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနဟာ ၂၀၀၃ ခုနှစ်မှာ ကျောက်တန်းမြို့နယ် ပါရကြီးစံပြကျေးရွာမှာရှိတဲ့ ဂဝံသိမ်လို့ယူဆတဲ့ တူးဖော်မှုကုန်းအမှတ်(၂)ကို သုတေသနပြုတူးဖော်ခဲ့ပါတယ်။ အဲဒီလိုတူးဖော်တဲ့နေရာမှာ ဂဝံကျောက်ကွင်းတစ်ကွင်း၊ ဂဝံပန္နက်တိုင်ရှစ်တိုင်တို့ကို တွေ့ရှိခဲ့ပြီးတဲ့နောက်မှာ အမိုးမိုးပြီးတော့မှ ခြံစည်းရိုးကာကာ၊ သတိပေးတားမြစ်ချက် ဆိုင်းဘုတ်စိုက်ထူပြီးမှ ထိန်းသိမ်းထားခဲ့ပါတယ်။ ဝန်ကြီးဌာနက ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲအနေဖြင့်လည်း မိုးဦးမကျမီနဲ့ ပွင့်လင်းရာသီများမှာ အဲဒီချုံနွယ်ပိတ်ပေါင်းတွေကို ပြန်လည်ရှင်းလင်းခြင်း၊ အခုနက ပျက်စီးသွားတဲ့ခြံစည်းရိုးကို ပြန်လည်ပြုပြင်ခြင်းများကိုလည်းပဲ နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နောက် ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းခြင်းဥပဒေ၊ နည်းဥပဒေများကို တချို့ နားမလည်ကြတဲ့ဒေသခံပြည်သူများကလည်းပဲ ဝင်ရောက်ကျူးကျော် ဖျက်ဆီးမှုများ မကြာခဏကြုံတွေ့ရတဲ့အတွက် ဒီဟာနဲ့ပတ်သက်ပြီး တော့မှ နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် ဂေါပကအဖွဲ့များထံကို ဝိုင်းဝန်းစောင့်ရှောက်ပေးနိုင်ဖို့ မေတ္တာရပ်ခံစာပေးပို့ပြီးမှလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းပေးပို့လာတဲ့ဓာတ်ပုံများပါ ဂဝံဆင်းတုတော်များသည် ပါဒဆံတော်ရှင် စေတီတော်မြတ်ကြီးရဲ့ ဂန္ဓဝတီတိုက်အတွင်းမှာ ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိပါတယ်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနဟာ ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာ မူဝါဒများချမှတ်ကာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ အဲဒီမူဝါဒတွေအရ ရှေးဟောင်းအဆောက်အအုံသည် ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုလက်ရာတန်ဖိုး မကျန်ရှိခဲ့လို့ရှိရင် သို့မဟုတ် ခေတ်အဆက်ဆက် ပြုပြင်ခြင်းများရှိခဲ့ပါက တိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် ဒေသအဖွဲ့အစည်းများကို သတ်မှတ်ချက်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခွင့် ပြုလျက်ရှိပါတယ်။

**မူကြမ်း**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ကျောက်တန်းမြို့နယ်မှာ နေရာလေးခုကို ရှေးဟောင်းအမွေအနှစ်နေရာအဖြစ်နဲ့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ထို့အပြင် နယ်မြေဒေသအလိုက် ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းစာရင်း (Inventory) ကိုလည်း ကောက်ယူပြုစုခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ခွင့်ပြုရန်ပုံငွေနှင့် ကျောက်တန်းဒေသအတွင်းမှာရှိတဲ့ ကျေးရွာရှစ်ရွာမှာရှိတဲ့ ရှေးဟောင်းအဆောက်အအုံ ၅၀ ကိုလည်း ကောက်ယူမှတ်တမ်းတင်ပြီးဖြစ်ပါတယ်။ ရန်ပုံငွေရရှိပါက ကျန်ရှိနေတဲ့ကျေးရွာများသို့ ရှေးဟောင်းအဆောက်အအုံများစာရင်းကိုလည်း ဆက်လက်ကောက်ယူပြုစုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ ဥယျာဉ်ကျေးရွာနှင့် မီးပြကျေးရွာမှာရှိတဲ့ စေတီတော်များသည် သက်ဆိုင်ရာရပ်မိရပ်ဖများက ကာကွယ်ထိန်းသိမ်းလျက်ရှိသည့်အပြင် လက်ရှိရင်ဆိုင်နေရတဲ့ အန္တရာယ်အခက်အခဲများကိုလည်းပဲ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ဆက်သွယ် အကြောင်းကြားခဲ့ခြင်းများ မရှိခဲ့သေးကြောင်း ဖြေကြားအပ်ပါတယ်။ အခု သိလာတဲ့ အတွက်ကို ဒီရှေးဟောင်းသုတေသနဦးစီးဌာနအနေနဲ့ ကွင်းဆင်းပြီးမှ လိုအပ်မယ့်ထိန်းသိမ်းမှု လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ပါ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် မည်သည့်နေရာဒေသတွင်မဆို ရှေးဟောင်းစေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်း များကသော်လည်းကောင်း၊ ဂေါပကအဖွဲ့ သို့မဟုတ် ရပ်မိရပ်ဖများကသော်လည်းကောင်း ဆက်သွယ် အကြောင်းကြားလာပါက ဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးကြည့်ရှုခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အကြံပြုကူညီပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းလည်း ဖြေကြားအပ်ပါတယ်။ ယခုလည်းပဲ ပညာရပ်ပိုင်းဆိုင်ရာအဖွဲ့တစ်ဖွဲ့ကို ကွင်းဆင်းစစ်ဆေးစေပြီဖြစ်ပါကြောင်း ပြန်လည်ဖြေကြားဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်ရှိတဲ့ အစီအစဉ် ၆ နဲ့ ၇ ကို မနက်ဖြန် ၁၅-၉-၂၀၁၆ ရက်နေ့မှာ ဆက်လက်ဆောင်ရွက်ပါ့မယ်။

**မှုကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**